# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 August 2022 ၁၀၈၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပ

# နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး တောင်သူများလိုအပ်သည့် မြေဩဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင်ရွက်ပေးသွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ယနေ့** ဖတ်စရာ


ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှု မရှိစေရေး သင်တန်းများဖွင့်လှစ်ပြီး ရက်ကန်းပညာရှင်များ မွေးထုတ်ပေး — စာမျက်နှာ » ၅

မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးလွန်း၍ သဒ္ဓါမလွန်ကြစေဖို့ရန် ….. — ဆောင်းပါး စာမျက်နှာ » ၆

သံသရာခရီးသွား အမှားမလုပ်မိစေနှင့် — ဆောင်းပါး စာမျက်နှာ » ၁၁

ယဉ်ကျေးလိမ္မာ စာပဒေသာ — စာမျက်နှာ » ၁၆၊ ၁၇

ကြေးမုံ

# လွတ်လပ်ပြီး တရားမျှတမှ နိုင်ငံ့ဂုဏ်သိက္ခာမြင့်မား

"ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာနဲ့သက်ဆိုင်တဲ့ အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတမှသာ ပြည်သူတွေ လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မြဲစေပြီး နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေကို ကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့ မသမာမှုလုပ်ဆောင်ခြင်း စတာတွေ ပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာဖြစ်ပါတယ်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လပြည့်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ယူခဲ့ရသည်မှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မရိုးသားသည့် နိုင်ငံရေးပြဿနာများဖြစ်ပေါ်လာသောကြောင့် တာဝန်ယူခဲ့ရခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲဖြစ်ခဲ့မည်ဆိုပါက ယခုကဲ့သို့ နိုင်ငံရေးအပြောင်းအလဲ ဖြစ်လာမည့်အခြေအနေသို့ ရောက်ရှိလာမည် မဟုတ်ပေ။ ပြည်သူများအနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲပြင်ဆင်ချိန်ကာလများကို ပြန်လည်လေ့လာကြည့်လျှင် မြန်မာနိုင်ငံရှိ ပါတီအဖွဲ့အစည်းခေါင်းဆောင်များက ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုကာလတွင် အာဏာရပါတီ၏ မမှန်မကန်ဆောင်ရွက်မှုများကို ထုတ်ဖော်ပြောကြားကြသည်ကို တွေ့ရမည်ဖြစ်သည်။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးသည် ဒီမိုကရေစီလုပ်ငန်းစဉ်တွင် အဓိကကျသည့်အချက်ဖြစ်သည်။ သို့သော် အာဏာရပါတီအနေဖြင့် ရွေးကောက်ပွဲ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အခြားပါတီများအပေါ် ကန့်သတ်မှုများ ပိုမိုများပြားလာခဲ့ပြီး မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ချိန်တွင်လည်း ကွဲလွဲမှုများပြားစွာ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မဲဆန္ဒရှင်စာရင်းနှင့် ၂၀၁၅ ခုနှစ် မဲဆန္ဒရှင်စာရင်းတွင် မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းအရ ကွာဟချက်လွန်စွာများပြားခဲ့ပြီး မဲစာရင်းများ ပြန်လည်စိစစ်ချိန်တွင် လွဲမှားမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအား မဲစာရင်းများ ပြန်လည်ရှင်းလင်းပြီးမှ လွှတ်တော်ခေါ်ယူရန် တပ်မတော်က မေတ္တာရပ်ခံခဲ့သကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် ပြောကြားခဲ့သည်။ သို့သော် ယင်းကို မျက်ကွယ်ပြု၍ လွှတ်တော်ခေါ်ယူခဲ့ခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်များ ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မှန်ကန်သောမဲစာရင်းများ ပေါ်ထွက်လာစေရေးအတွက် မဲစာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူများ၊ အသက် (၁၈) နှစ်ပြည့်သော်လည်း နိုင်ငံသားအဖြစ် စိစစ်ခြင်းမပြုရသေးဘဲ မဲပေးသူများ၊ နှစ်ကြိမ်မဲပေးသူများနှင့် ကွယ်လွန်ပြီးသူများက မဲပေးထားကြသည်ကို စိစစ်တွေ့ရှိခဲ့သည်။ ထိုသို့ဖြစ်ခဲ့သည်မှာ မရိုးမသား ပြုလုပ်လိုသောသဘောဖြင့် သေချာစိစစ်ခြင်းမပြုလုပ်ဘဲ အနိုင်မဲရရှိရေးအတွက် ရှေ့တန်းတင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် လာမည့်ကာလတွင် တရားမျှတပြီး မှန်ကန်သည့် ရွေးကောက်ပွဲစနစ်ပြုလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက လိုအပ်ချက်များကို ပြန်လည်စိစစ်ခဲ့ရာ အများစုကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ အသက်မပြည့်ဘဲ မဲပေးခဲ့ကြသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ အချို့တည်ငြိမ်မှုမရှိသည့် ဒေသများမှလွဲ၍ ကျန်ရှိသည့်ဒေသများတွင် ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

နိုင်ငံသားဖြစ်ခွင့်ရှိသူအားလုံး နိုင်ငံသားဖြစ်စေပြီး နိုင်ငံသားဖြစ်ခွင့်မရှိသူများ နိုင်ငံသားမဖြစ်စေရေးကို မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးလျက်ရှိသည်။ ကောက်ယူထားသည့် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းသည် မပြည့်စုံမှုလစ်ဟာမှုများရှိသောကြောင့် ပြဿနာများ ပေါ်ပေါက်ခဲ့ရသည်။ ကောက်ယူထားသည့် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ သန်းရှိသော်လည်း လူဦးရေလေးသန်းမှာ ပြည်ပသို့ရောက်ရှိနေသူများဖြစ်သည်။ ထို့ကြောင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာအကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံသားတစ်ယောက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက ပါဝင်လိုက်နာဆောင်ရွက်ဖို့လိုပါသည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရန်အတွက် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးတွင် အရေးကြီးသောအချက်ဖြစ်သည့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေး၊ မဲစာရင်းများ မှန်ကန်ရေးကို ဆောင်ရွက်နိုင်ပါမှ နိုင်ငံ၏ဂုဏ်သိက္ခာမြင့်မားရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။ ။

## အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့်များ ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Liuvia Co., Ltd မှ အာမခံအလုပ်သမား ဒေါ်စန္ဒာခိုင်၊ ဒေါ်စန်းယုမော်နှင့် ဦးမျိုးကိုကို တို့သုံးဦးသည် ဩဂုတ် ၅ ရက် နံနက် ၇ နာရီခန့်တွင် အလုပ်ဆင်းရန်လာသည့်လမ်း၌ ၎င်းတို့စီးလာသည့် ဖယ်ရီကားကို အခြားကားတစ်စီးမှ ဝင်ရောက်တိုက်မိ၍ သေဆုံးသွားခဲ့သည့်အတွက် နာရေးအကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ပြုလုပ်ခဲ့သည်။



နာရေးအကျိုးခံစားခွင့် ထုတ်ပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက အမှတ်(၁၀၈) ဆိပ်ကမ်းသာလမ်း စက်မှုဇုန်(၃)ရှိ အဆိုပါ Liuvia Co., Ltd မှ အာမခံအလုပ်သမား ဒေါ်စန္ဒာခိုင်၏ နာရေးစရိတ်ငွေကျပ် ၁၀၈၇၁၅၅ အား ခင်ပွန်းဖြစ်သူ ဦးသိန်းရ ထံသို့လည်းကောင်း၊ ဒေါ်စန်းယုမော်၏ နာရေးစရိတ်ငွေကျပ် ၁၁၁၈၀၀ အား အစ်ကိုဖြစ်သူ ဦးညီညီဇော်ထံသို့ လည်းကောင်း၊ ဦးမျိုးကိုကို၏ နာရေးစရိတ်ငွေကျပ် ၁၀၄၇၃၁၀အား အစ်ကိုဖြစ်သူ ဦးတေဇာလင်းထံသို့ လည်းကောင်း စုစုပေါင်း နာရေးစရိတ်ခွင့်ပြုထုတ်ပေး ငွေကျပ် ၃၂၄၆၂၆၅ကို ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိက အဆိုပါစက်ရုံသို့သွားရောက်ပြီး ကျန်ရစ်သူမိသားစုဝင်များ၏ လက်ဝယ်သို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## မြန်အောင်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

**မြန်အောင် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်၁၃ စက်မှုလယ်ယာစခန်း သင်တန်းခန်းမ၌ ယမန်နေ့နံနက်ပိုင်းက (၁/၂၀၂၂) လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးအောင်ကျော်သန်း က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြား၍ သင်တန်းသားများအား သင်ရိုးမှတ်စုစာအုပ်နှင့် ဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

(၁/၂၀၂၂) လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းသို့ မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား ၃၀ ဦးတက်ရောက်၍ သင်တန်းကာလ ၁၂ ရက်တွင် စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဖြိုးဝေထွန်းထံမှ သိရသည်။

အဆိုပါ အခမ်းအနားသို့ မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာနခရိုင်ဦးစီးဌာနမှူး ဦးအောင်ကျော်သန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူးနှင့် ဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်ပြန်/ဆက်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၈-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၁၉၀ | ၁,၃၄၉,၀၀၀ |
| MTSH | ၂,၄၅၀ | ၂,၄၀၀ | ၁,၈၁၉ | ၄,၄၇၀,၄၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၃ | ၂၁,၀၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၂ | ၂၁၆,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁၀၃ | ၂၄၇,၂၀၀ |
| EFR | ၂,၄၀၀ | ၂,၄၀၀ | ၈၂ | ၁၉၆,၈၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၉**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၅၀.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၁.၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၃၁၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၁.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၄၁၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၇.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၄.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၇.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၉၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်။



နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြစဉ်။



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြစဉ်။



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြစဉ်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြစဉ်။



"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ ရှင်းလင်းတင်ပြစဉ်။



ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ အစည်းအဝေးအစီအစဉ်အတိုင်း ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် ဒေသ၏အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်နှင့်ဦးတည်ချက်များ၊ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအခြေအနေများ၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းမှုများရရှိရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကို Power point ဖြင့် ရှင်းလင်းတင်ပြကြသည်။

**ဝမ်းစာဖူလုံရေးအရေးကြီး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းဝမ်းစာဖူလုံရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးမှုများကို ဦးစားပေးဆောင်ရွက်၍ တစ်ဧကအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် မြေဩဇာ၊ မျိုးနှင့် စက်မောင်းဆီများ ရရှိရေး စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း လမ်းညွှန်ဆွေးနွေးသည်။

**အကျိုးခံစားခွင့်ရရှိမည်**

ဆက်လက်၍ စိုက်ဧကများမှ ထွက်ရှိလာသည့် စပါးများနှင့် ပဲတီစိမ်းများကို နိုင်ငံတော်အစိုးရမှ ဦးစီး၍ ပြည်ပသို့ တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုကြောင်း၊ စပါးနှင့်ပဲများ ထွက်ရှိမှုအပေါ်မူတည်၍ အကျိုးအမြတ်များထဲမှ တောင်သူများအနေဖြင့် သင့်တော်သည့် အကျိုးခံစားခွင့် ရရှိမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများအနေဖြင့် ငွေကြေးစိုက်ထုတ်ရန် လိုအပ်မှုမရှိခြင်းကြောင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး အခြားလိုအပ်သည်များ လမ်းညွှန်မှာကြား၍ ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများကြောင့် အောင်မြေသာစံမြို့နယ် ခေမာသီဝံကျောင်းတိုက်သို့ ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်



နေပြည်တော် ဩဂုတ် ၉

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုများကြောင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ခေမာသီဝံကျောင်းတိုက်သို့ ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်ရှိ သောဘဝတီ ဓမ္မာရုံ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာယီပြောင်းရွှေ့ရောက်ရှိလာသောပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျောင်းတိုက် ဦးစီးပဓာနနာယက တိုက်အုပ်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးက ယာယီပြောင်းရွှေ့ရောက်ရှိလာသော ပြည်သူများအား နှုတ်ခွန်းဆက် အားပေးစကား ပြောကြားသည်။ ယင်းနောက် ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စု ၇၂ စုအတွက် ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြရာ ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများကိုယ်စား ပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နယ်မြေခံဆေးတပ်ရင်းမှ တပ်မတော်ဆေးအဖွဲ့များက ယာယီပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်အနောက်ပိုင်းခရိုင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဩဂုတ် ၉**

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်အနောက်ပိုင်း ခရိုင် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ကော်မတီဝင် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် အဆို၊အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲတွင် ဝါသနာရှင် ပထမတန်းအဆင့်၊ ဝါသနာရှင် ဒုတိယတန်းအဆင့် ဘာသာရပ်အလိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ အထူးဆု ရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံး ရရှိသော စမ်းချောင်းမြို့နယ်အား ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် ဝန်ကြီးများက တံခွန်စိုက်ဆု ချီးမြှင့်ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပွဲစဉ်အစမှအဆုံး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိသူများ၏ ဖျော်ဖြေတင်ဆက်မှုကို တိုင်းဒေသကြီးဝန်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ရှိ ကျောက်စေတီကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကိုးသောင်းသာသနာ့မင်္ဂလာစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ အင်းဒင်ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ ပြည်တော်သာကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



လောင်းလုံးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာငါးရွာအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းရေးဆွဲနည်း သင်တန်းပေးခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်း အခမ်းအနားကို ဩဂုတ် ၉ ရက်က သဗျာကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်း၌ ကျင်းပစဉ်။ ၂၂၂

## အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များ ထုတ်ပေး

**ကမာရွတ် ဩဂုတ် ၉**

ရန်ကုန်တိုင်း ဒေသကြီး ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မာလာမြိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီမှ အာမခံအလုပ်သမား ဦးငြိမ်းချမ်းသည် လုပ်ငန်းခွင် ထိခိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။ ၎င်း၏ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေ ထုတ်ပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် ကျင်းပခဲ့သည်။




ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အာမခံအလုပ်သမား ဦးငြိမ်းချမ်း၏ အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၉၀၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ခင်လှိုင်လှိုင်ဝင်းအား တိုင်းဒေသကြီး တာဝန်ခံအရာရှိက မြို့နယ်လူမှုဖူလုံရေး ရုံးခွဲတာဝန်ခံ၊ အလုပ်ဌာန တာဝန်ခံများ၊ အလုပ်သမားရေးရာ ကော်မတီ အဖွဲ့ဝင်များ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်ဆက်)**

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေလေးစီးဖြင့် နှာခေါင်းစည်း ၉ ဒသမ ၉၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**ဦးစားပေးတင်သွင်းခွင့်ပြု**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းပို့ချ



**လက်ပံတန်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ဌာနဆိုင်ရာများမှ ဌာနများအလိုက် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ဩဂုတ် ၃ ရက်က ဆင်ကူးဝက်လှကျေးရွာတွင် နည်းပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးပြန်းတီးစေသော ဘက်ထရီရှော့တိုက် (ကျဉ်စက်)ဖြင့် ငါးဖမ်းဆီးမှုမရှိစေရေး ပညာပေးဟောပြောခြင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများအကြောင်း ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်

**တောင်ကြီး ဩဂုတ် ၉**

ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရေကြီးရေလျှံမှုဖြစ်ပွား**

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ရှမ်းပြည်နယ်အတွင်း ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ မီးဘေး၊ လေပြင်းဘေး၊ ရေဘေး၊ လေဘေး၊ မိုးသီးကြွေဘေး၊ မိုးကြိုးဘေး၊ တိုက်ပွဲရှောင်ဘေးနှင့် အခြားဘေးအပါအဝင် ဘေးအန္တရာယ်ပေါင်း ၂၂၈ ကြိမ်ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၁၀၅၂၆ ကျော် လူဦးရေ ၄၅၂၉၁ ကျော် ဘေးဒဏ်ခံစားခဲ့ရပြီး သေဆုံးသူ ၆၇ ဦး၊ ဒဏ်ရာရရှိသူ ၁၁၆ ဦး ရှိခဲ့သည့်အတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ရန်ပုံငွေတန်ဖိုး စုစုပေါင်းကျပ် ၂၈၃၂ သိန်းကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ယခုလတ်တလောတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှမ်းပြည်နယ်အတွင်း တောင်ကြီး၊ ရပ်စောက်၊ ကျောက်မဲနှင့် တာချီလိတ်မြို့နယ်များတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး နေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့သလို ရေဘေးသင့်ပြည်သူများကိုလည်း ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်း၍ ဆန်ရိက္ခာထောက်ပံ့မှုများလည်း ဆောင်ရွက်ထားရှိကြောင်း၊ ရှမ်းပြည်နယ်အတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လုပ်ငန်းအဖွဲ့များဖြစ်သည့် အသိပညာပေးရေးနှင့် ပြန်ကြားရေးလုပ်ငန်းအဖွဲ့၊ အရေးပေါ် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့၊ ပျက်စီးမှုပမာဏ သတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းအဖွဲ့၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းအဖွဲ့၊ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းအဖွဲ့၊ အရေးပေါ် ယာယီခိုလှုံရာနေရာ ဆောင်ရွက်ပေးရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ လုံခြုံရေးလုပ်ငန်းအဖွဲ့တို့က အသီးသီးရှင်းလင်းတင်ပြကြပြီး Video Conferencing ဖြင့် ခရိုင် ၂၁ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသနှင့် ရှမ်းပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲများက ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဆွေးနွေးတင်ပြချက်များ အပေါ်လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။



မောင်မောင်သန်း(တောင်ကြီး)

# ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**တပ်ကုန်း ဩဂုတ် ၉**

နေပြည်တော် တပ်ကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ငါးစားသုံးမှုဖူလုံစေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်ညိုညိုအေးတို့က ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တရော်ပင်အင်းကျေးရွာ သုည ဒသမ ၄၀ ဧက၊ ပေတောကျေးရွာ ၃ ဒသမ ၅ ဧက၊ ကွဲလည်ပင်ကျေးရွာ သုံးဧကနှင့် ရွှေမြို့ မွေးမြူရေးဇုန်-၂ ခြောက်ဧကအတွက် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ စုစုပေါင်းအကောင် ၄၀၀၀၀ အား ငါးမွေးတောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမတွင် ဆန်စက်လုပ်ငန်းရှင်၊ ဆီစက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဒေသထွက် ကုန်ကြမ်းမှ ကျန်းမာရေးနှင့်ညီညွတ်သည့် ကုန်ချောများ ထုတ်လုပ်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေး ဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဌာနမှ ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများ ရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းရှင်များက သိရှိလိုသည်များမေးမြန်းရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။



တင်စိုးလွင်(ပြန်/ဆက်)

# မိုးညိုမြို့နယ်၌ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး အသိပညာပေး ဆွေးနွေး

**ပဲခူး ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဩဂုတ် ၄ ရက်တွင် မိုးညိုမြို့နယ် ဇီးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး အသိပညာပေးဆွေးနွေးပွဲတွင် ငါးသယံဇာတ ထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးခြင်း၊ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ လက်ကမ်းစာစောင်များကို တက်ရောက်လာသည့်ပြည်သူများအား ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေပြီး လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဩရိဿပြည်နယ်အတွင်းတွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ယခုသတင်းသည် မုန်တိုင်းငယ်အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်သည်။

မိုး/ဇလ

# ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှုမရှိစေရေး သင်တန်းများဖွင့်လှစ်ပြီး ရက်ကန်းပညာရှင်များ မွေးထုတ်ပေး

**မုဒုံ ဩဂုတ် ၉**

မုဒုံမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှု မရှိစေရေး ရက်ကန်းလုပ်ငန်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ ပိုမိုထွန်းကားစေရန်နှင့် ရက်ကန်းပညာရှင်များ တိုးပွားလာစေရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်ကာ ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။

သင်တန်းများ အနေဖြင့် အခြေခံလက်ရက်ကန်း ခြောက်လသင်တန်းကို ဘာသာရပ် ခြောက်ခုဖြစ်သည့် လက်ရက်ကန်း၊ အထည်ဒီဇိုင်း၊ တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်၊ သဘာဝဆိုးဆေး၊ အထည်ခွဲစိတ် လေ့လာခြင်း၊ အခြေခံ စက်ချုပ်ဘာသာရပ်များကို တစ်နှစ်လျှင်နှစ်ကြိမ် ဖွင့်လှစ်ပေးပြီး စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးသည်။

အဆိုပါ သင်တန်းများကို အသက်(၁၈) နှစ်မှ (၃၀)နှစ်အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူများ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၂၀ လက်ခံသင်ကြားပေးကြောင်း၊ သင်တန်းကျောင်းတွင် အဆောင်နေထိုင်ခွင့်နှင့် သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ပံ့ပိုးပေးသည့်အပြင် သင်တန်း တက်ရောက်ပြီးပါက ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန် လိုအပ်သည့် အထောက်အကူများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မုဒုံမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ဇာခြည်ကျော် ထံမှ သိရသည်။

သားငယ်(မုဒုံ)



# မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးလွန်း၍ သဒ္ဒါမလွန်ကြစေဖို့ရန် .....

ဒေါက်တာမြတ်မိုး

**ယနေ့လူအတော်များများက သတင်းတု (fake) ၊ သတင်းမှား (false) ၊ ကောလာဟလ (rumour) များကြားတွင် တဝဲလည်လည်ဖြစ်နေကြပြီး emotion move ဖြင့် ခံစားမှုနောက် လိုက်နေကြသည်။ သတင်းအချက်အလက်တစ်ခုရပြီဆိုလျှင် အရင်းအမြစ်ကို မလိုက်နိုင်ကြ၊ မှန် / မမှန် ဆန်းစစ်မှု အားနည်းလွန်းကြသည်။ ဆန်းစစ်မှုအားနည်းတော့ သတင်းလွှင့်ထုတ်သူ၊ အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် လှည့်စားမှုကို မမြင်နိုင်၊ ရည်ရွယ်ချက်ရှိရှိ ပုံမှားရိုက်သည်များကို မမှန်းဆနိုင်ဖြစ်ရသည်။ မည်သို့ပင်ဘက်လိုက်၍ အမှန်ကိုဖုံးကွယ်ထားစေကာမူ ထင်ယောင်ထင်မှား အစွဲများလွန်း၍ အစွန်းထင်းကာ အမှားကို အမှန်ထင်၊ အမှန်ကို အမှန်ဟု မမြင်နိုင်ဖြစ်ကြရသည်။**

ယခုလတ်တလောဌာနတွင်း ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ခြင်း (capacity building) နှင့် အပြန်အလှန်ဆွေးနွေးပွဲများ မကြာခဏလုပ်ဖြစ်သည်။ ပြဿနာများကို ချဉ်းကပ်အဖြေရှာနိုင်စွမ်း (problem solving skill) နှင့် critical thinking ဆက်စပ်ပုံ ခေါင်းစဉ်ကို ရွေးချယ်ပြီး ပို့ချဖြစ်သည်၊ ဆွေးနွေးဖြစ်ကြသည်။ မိမိတာဝန်ယူရာ ကဏ္ဍတစ်ခုဖြစ်သည့် သုတေသနခေါင်းစဉ်အောက်မှာ ယနေ့ခေတ်လူငယ်များအနေဖြင့် ကြုံတွေ့ရင်ဆိုင်နေရသည့် အခြေအနေအရပ်ရပ်အပေါ် ဘယ်လိုတွေးခေါ်မြော်မြင်ပြီး ဆုံးဖြတ်မလဲ၊ ဘယ်လိုစဉ်းစားပြီး အကောင်းဆုံးအဖြေတစ်ခုရအောင်ရှာမလဲ၊ အခြေအနေအချိန်အခါအရ သင့်တော်မည်ထင်၍ "သုတေသနစွမ်းရည်များနှင့် ဆက်စပ်ချဉ်းကပ်ပြီး ပြဿနာများကို ဖွေရှာအဖြေရှာနိုင်စွမ်း" (Research related problem solving skills) ခေါင်းစဉ်အောက်တွင် ဝန်ထမ်းများအတွက် လိုအပ်မည့်အရည်အသွေးတချို့ကို တတ်အားမှတ်သားထားသမျှ မျှဝေတည်ဆောက်ပေးဖြစ်ခဲ့သည်။

**ခေတ်ကာလအခြေအနေအရ၊ လိုအပ်ချက်အရ၊ တောင်းဆိုချက်အရ**

ယနေ့ခေတ်ကာလ အခြေအနေအရပ်ရပ်ကလည်း တောင်းဆိုချက်တွေ၊ လိုအပ်ချက်တွေရှိလာသည် မဟုတ်ပါလား၊ အထူးသဖြင့် လူငယ်လူရွယ်များအတွက် ဦးတည်မိသည်။ ထိုလူငယ်များမှတစ်ဆင့် နောင်မျိုးဆက်သစ်များအတွက်လည်း အများကြီးစဉ်းစား၍ ကြိုတင်မျှော်မှန်းစဉ်းစားမိ၍ လေ့ကျင့်ဆွေးနွေးဖြစ်ခဲ့ခြင်းလည်း ဖြစ်သည်။ ကိုယ်နှင့်အနီးစပ်ဆုံးရှိသည့် ဝန်ထမ်းများကိုတော့ လုပ်ငန်းသဘောသဘာဝအရ ထပ်ကာထပ်ကာ စဉ်းစားတတ်အောင်၊ သုံးသပ်အဖြေရှာတတ်အောင် လေ့ကျင့်ဆွေးနွေးမြဲဖြစ်သည်။

"critical thinking" ဆိုသည်က မိမိပတ်ဝန်းကျင်မှာလည်း တွင်တွင်ကျယ်ကျယ် အများဆုံးပြောဆို သုံးနှုန်းနေကျ၊ ကြားနေကျ စကားလုံးဖြစ်သည်။ သိသလိုလိုနှင့် ရေရေရာရာနားလည်လားဆိုတော့လည်း မဟုတ်ပြန်၊ ဘဝမှာ အရေးကြီးမှန်းတော့ သိကြသည်။ သို့သော် မိမိရင်ဆိုင်နေရသည့် အခက်အခဲများ၊ မိမိဝန်းကျင်မှာ ကြုံတွေ့ခံစားနေရသည့် ပြဿနာရပ်များအတွက်မူ ဘယ်လိုဖြေရှင်းပြီးအဖြေရှာမလဲ၊ ဒီလိုဖြေရှင်းအဖြေရှာဖို့ စွမ်းရည်များ မိမိမှာရော မည်သို့မည်ပုံလေ့ကျင့်တည်ဆောက်ထားမလဲဆိုသည်မှာတော့ လိုအပ်ချက်များက ရှိနေပြန်သည်။

**နည်းစနစ်ကျကျ တွေးခေါ်တတ်ခြင်း (critical thinking) ဟူသည်**

ပြဿနာတစ်ရပ်အပေါ် ချဉ်းကပ်အဖြေရှာဖြေရှင်းမည်ဆိုလျှင် သို့မဟုတ် မိမိထံရောက်ရှိလာသော သတင်းအချက်အလက်တစ်ခု၊ အခြေအနေတစ်ခုကို သုံးသပ်တော့မည်ဆိုလျှင် ထိုပြဿနာအခြေအနေနှင့် သတင်းအချက်အလက်များအပေါ် ဖြစ်ပေါ်ရသည့်အကြောင်းရင်း၊ ဖြစ်နေသည့်လက်ရှိအခြေအနေ၊ သက်ရောက်နိုင်မှု အတိုင်းအတာပမာဏကို ပိုင်းခြားစိစစ်ခြင်း၊ ဝေဖန်ဆန်းစစ်ခြင်း၊ တွေးခေါ်စဉ်းစား၊ ဆင်ခြင်သုံးသပ်ခြင်းများကို အဆင့်ဆင့်ပြုလုပ်ရသည် မဟုတ်ပါလား။ ထိုထို ဝေဖန်ပိုင်းခြား တွေးခေါ်စဉ်းစားခြင်းသည်ပင် critical thinking ဟူ၍ သုံးနှုန်းကြခြင်းဖြစ်သည်။

နည်းစနစ်ကျကျ တွေးခေါ်တတ်ခြင်းဟုလည်း အမည်တပ်ကြသည်။ နည်းစနစ်ကျကျ တွေးခေါ်ရာတွင် အကြောင်းနှင့်အကျိုးကို ခွဲခြမ်းစိတ်ဖြာပြီး၊ ဆက်စပ်ပြီး အဖြေရှာတတ်ရသည်။ သို့မှသာ အကြောင်းအကျိုးဆီလျော်သည်ဟု ဆိုနိုင်ပေမည်။ အကြောင်းပဲဖြစ်ဖြစ်၊ အကျိုးပဲဖြစ်ဖြစ် မတူတာတွေ၊ အငြင်းပွားမှုတွေ၊ တူတာတွေကို ခွဲခြားစုစည်းရသည့်သဘောဖြစ်သည်။ သမားရိုးကျအမြင်တွေကိုလည်း ပစ်ပယ်မထား၊ ဖြန့်ကြက် ဖောက်ထွက်စဉ်းစားသည့် သဘောများလည်းပါသည်။ အချက်အလက် အထောက်အထားများကို မတူညီသည့် အရင်းအမြစ် (source )အားလုံးမှ ရှာရသည်၊ ပြည့်ပြည့်စုံစုံဖြစ်ရန် အထောက်အထားများကို မရရအောင် စုဆောင်းရသည်။

သို့သော် ခိုင်မာစိတ်ချရပြီး မှန်ကန်မှုများသည့် source များကိုတော့ ပို၍ အလေးထားရသည်။ သို့သော် critical thinking သဘောတရားကို ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့် မလွတ်စေဘဲ မူဘောင်အတွင်းကပဲ စဉ်းစားရသည်။ အလေ့အကျင့်များစွာရပြီး စဉ်းစားနိုင်စွမ်းမြင့်မားလာသည့်အခါ၊ အကယ်၍များ လွတ်လပ်စွာ တွေးခေါ်စဉ်းစားနိုင်မည်ဆိုလျှင် ရှုပ်ထွေးသောအခြေအနေများမှနေ၍ သစ်လွင်တိုးတက်သော idea တစ်ခုကို ရနိုင်သည်အထိ တီထွင်ဖန်တီးမှုစွမ်းရည် ရရှိသွားနိုင်သည်။

ဤသို့ဖြင့် ဖြန့်ကြက်တွေးခေါ်နိုင်စွမ်း multilateral thinking မှတစ်ဆင့် အတွေးအခေါ်များ ဆန်းသစ်လာပြီး တီထွင်ဖန်တီးခြင်း (innovative) နှင့် creative စွမ်းရည်များလည်း ပြည့်ဝလာမည်ဖြစ်သည်။ ထိုမှသည် ဖွံ့ဖြိုးမှုဆီဦးတည်သည့် ပိုမိုတိုးတက်သော အမြင်များစွာကိုလည်း တည်ဆောက်နိုင်စွမ်း ရရှိလာမည်ဖြစ်ပါသည်။

**မည်သည့်အတွက်ကြောင့် ဤလိုစွမ်းရည်မျိုးလိုအပ်နေရပါသလဲ**

ဤသို့ဆိုလျှင် မည်သည့်အတွက်ကြောင့်များ critical thinking ဆိုသည်ကို တည်ဆောက်ဖို့ အရေးတကြီးလိုအပ်နေပါသနည်း။ အခြေအနေအချိန်အခါအရဖြစ်သည်။ အထူးသဖြင့် ယနေ့လူငယ်များနှင့် နောင်မျိုးဆက်သစ်များအတွက်ဟု ဆိုခဲ့ပြီးဖြစ်သည်။

ယနေ့ လူအတော်များများက သတင်းတု (fake)၊ သတင်းမှား (false)၊ ကောလာဟလ (rumour) များကြားတွင် တဝဲလည်လည် ဖြစ်နေကြပြီး emotion move ဖြင့် ခံစားမှုနောက် လိုက်နေကြသည်။ သတင်းအချက်အလက်တစ်ခုရပြီဆိုလျှင် အရင်းအမြစ်ကို မလိုက်နိုင်ကြ၊ မှန် / မမှန်ဆန်းစစ်မှု အားနည်းလွန်းကြသည်။ ဆန်းစစ်မှုအားနည်းတော့ သတင်းလွှင့်ထုတ်သူ၊ အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် လှည့်စားမှုကို မမြင်နိုင်၊ ရည်ရွယ်ချက်ရှိရှိ ပုံမှားရိုက်သည်များကို မမှန်းဆနိုင် ဖြစ်ရသည်။ မည်သို့ပင် ဘက်လိုက်၍ အမှန်ကိုဖုံးကွယ်ထားစေကာမူထင်ယောင်ထင်မှား အစွဲများလွန်း၍ အစွန်းထင်းကာ အမှားကို အမှန်ထင်၊ အမှန်ကိုအမှန်ဟု မမြင်နိုင်ဖြစ်ကြရသည်။

ကိုယ့်ရဲ့အစွဲကြီးမှုကြောင့် သူများစကားတွင် လမ်းဆုံးနေကြရသည်။ လူအများကြီးက မှတ်ချက်ပေးသည်ဟူ၍ များတိုင်း မှန်သည်ထင်တတ်ကြသည်။ ဆက်စပ်ပြီး မစဉ်းစားနိုင်ဘဲ အချက်အလက် ကိန်းဂဏန်းများကို အပေါ်ယံကိုသာကြည့်၍ ကိုယ်ထင်ရာကိုသာ မှန်းဆအဖြေထုတ်နေကြသည်။ ဆင်ခြင်သုံးသပ်နိုင်စွမ်းနည်းသွားသည့်အခါ လူတွေမှာအတ္တက အားကြီးလာသည်။ မျှဝေခံစားဖို့ဝေးစွ ကိုယ့်အတွက်ချည်းသာ ကြည့်လာကြသည့်အခါ တိုက်ချင်ခိုက်ချင် (fighting) စိတ်တွေသာများလာသည်။ တစ်ခုတည်းရှိရင် တစ်ဝက်စီ မျှစား၊ မျှသုံးမယ်၊ ပြီးမှ နှစ်ခုအထက်ရအောင် စုပေါင်းရှာကြမယ်ဆိုသည့် team Spirit နေရာမှာ တစ်ခုတည်းရှိလို့ ငါအကုန်လုံး ယူလိုက်မယ်၊ ဘယ်သူ့ကိုမှမပေးဘူး၊ လာလုတဲ့လူကို ပြန်တိုက်ခိုက်မယ်၊ မရရင်အဆုံးထိလုပ်မယ်ဆိုတဲ့ Jungle စိတ်ဓာတ်တွေ နေရာယူလာတာ တွေ့နေရသည်။ ဆင်ခြင်သုံးသပ်နိုင်စွမ်း နည်းသူသည် အကောင်းမြင်စိတ်နည်းပြီး အဆိုးမြင်သဘောများနေတတ်ကာ မှားယွင်းသော ယုံကြည်မှုနှင့်အတူ စိုးရိမ်စိတ်များနက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတတ်သည်ကိုလည်း သတိထားမိသည်။

ယနေ့ကာလ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆင်ခြင်သုံးသပ်နိုင်စွမ်း နည်းပါးလာကြသည့် လူအများဟုဆိုရာတွင် ယနေ့ခေတ်လူငယ်များကို ထိုအများစုထဲတွင် မပါဝင်စေချင်၊ အနာဂတ်မျိုးဆက်ပါ တုံးသွားမှာ စိုးရိမ်မိသည်။ တစ်ဖက်ပိတ်အမြင်များကိုလည်း ပွင့်သွားစေချင်သည်။ ဝေဖန်ပိုင်းခြားစိစစ်မှု အားနည်းခြင်းကြောင့် ပြဿနာပိုကြီးမားသွားမှာ၊ လူ့အဖွဲ့အစည်းကြီး ပို၍ပို၍ ထိခိုက်နစ်နာကြမှာကိုလည်း မဖြစ်စေလိုခြင်းသည် ရည်ရွယ်ရင်းအဓိက ဖြစ်ပါသည်။

**ဗုဒ္ဓမြတ်စွာဘုရားဟောကြားသည့် ပညာကို အခြေခံဖို့တော့လိုအပ်**

ထို့ကြောင့် မိမိတို့၏ စဉ်းစားသုံးသပ်အဖြေရှာနိုင်စွမ်းရည်များ မြင့်မားတိုးတက်အောင် လေ့ကျင့်ကြိုးစားအားထုတ်ကြရန်သာ တိုက်တွန်းချင်သည်။ စဉ်းစားတွေးခေါ် သုံးသပ်နိုင်စွမ်းဟူသည် မွေးရာပါ skill တစ်ခုတော့မဟုတ်၊ လေ့ကျင့်ယူ၍ ရပါသည်။ သို့သော် ပညာကို အခြေခံဖို့တော့လိုသည်။ အယူဝါဒတစ်ခုအပေါ် အလွန်အကျွံ မျက်ကန်းတစ္ဆေမကြောက်ယုံကြည်ခြင်းမရှိ၊ အမှားအမှန်ကို ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်စွမ်း ရှိခြင်းသည်ပင် ပညာမည်ပါသည်။ ဒေတာအချက်အလက်များကို မိမိအသိဉာဏ်၊ မိမိအတွေ့အကြုံဖြင့် ဝေဖန်သုံးသပ်စဉ်းစားပြီး လက်တွေ့အသုံးချ၍ အတွေ့အကြုံများမှတစ်ဆင့် ရရှိလာသည့်ရလဒ်ကသာ ပညာဖြစ်ပါသည်။

ပညာအခြေခံသည့် critical thinking ကိုအနောက်နိုင်ငံများက ပို၍အလေးထားသည်ဟု ဆိုကြသည်။ သို့သော် ကျွန်တော်တို့၏ ဗုဒ္ဓမြတ်စွာဘုရားက လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ဟောကြားခဲ့ဖူးသော ကာလာမသုတ်တော်လာ ဝိဘဇ္ဇဝါဒကိုမူ မေ့ထား၍မရ။ အရှေ့တိုင်းက အစပျိုးခဲ့သည့် အယူဝါဒကိုယူပြီး အနောက်တိုင်းပညာရေးမှာ ထိထိရောက်ရောက်အသုံးချနေ၍သာ တိုးတက်နေကြသည်ကိုလည်း မြင်အောင် ကြည့်စေလိုပါသည်။

ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့သည်မှာ အယူအဆတစ်ခုကို ရှုထောင့်တစ်ခုတည်းမှ သုံးသပ်၍ တရားသေမှတ်ချက်ပြု၍ မရပါ၊ ပညာဉာဏ်ကို သုံး၍ ဝေဖန်ပိုင်းခြား သုံးသပ်ရမည်။ ပြန်လှန်မေးခွန်းမထုတ်ဘဲ သူများပြောတိုင်း မယုံရဟူ၍ ဟောကြားခဲ့သည်ကို နာယူမှတ်သားဖူးပါသည်။ အမှားအမှန်ကို စိစစ်၍ အမှန်ကို ရွေးချယ်နိုင်ရန်၊ အမှန်ရရန်အတွက် ရှေးလူကြီးများပြောသည်ဆို၍လည်း မယုံရ၊ အစဉ်အလာဖြစ်၍လည်း မမှတ်ယူရ၊ ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အသိဖြင့်သာ အမှန်ကိုလက်ခံကျင့်သုံးရမည်၊ ထိုမှ အဖြေမထုတ်နိုင်လျှင်မူ နှစ်ဦးနှစ်ဖက်အတွက် ကောင်းပြီး လက်ခံနိုင်မည့် အလယ်အလတ်ကျသည့် အဖြေမျိုးဖြစ်ရမည်ဟု ရှင်တော်မြတ်ဘုရားက ဟောကြားခဲ့ဖူးသည်ကို အလေးအနက်ထား နာယူသင့်ကြပါသည်။

**ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့သည်မှာ အယူအဆတစ်ခုကို ရှုထောင့်တစ်ခုတည်းမှ သုံးသပ်၍ တရားသေမှတ်ချက်ပြု၍မရပါ၊ ပညာဉာဏ်ကိုသုံး၍ ဝေဖန်ပိုင်းခြား သုံးသပ်ရမည်။ ပြန်လှန်မေးခွန်း မထုတ်ဘဲ သူများပြောတိုင်းမယုံရဟူ၍ ဟောကြားခဲ့သည်ကို နာယူမှတ်သားဖူးပါသည်။ အမှားအမှန်ကို စိစစ်၍ အမှန်ကိုရွေးချယ်နိုင်ရန်၊ အမှန်ရရန်အတွက် ရှေးလူကြီးများပြောသည်ဆို၍လည်း မယုံရ၊ အစဉ်အလာဖြစ်၍လည်း မမှတ်ယူရ၊ ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အသိဖြင့်သာ အမှန်ကိုလက်ခံကျင့်သုံးရမည်၊ ထိုမှ အဖြေမထုတ်နိုင်လျှင်မူ နှစ်ဦးနှစ်ဖက်အတွက်ကောင်းပြီး လက်ခံနိုင်မည့်အလယ်အလတ်ကျသည့် အဖြေမျိုးဖြစ်ရမည်ဟု ရှင်တော်မြတ်ဘုရားက ဟောကြားခဲ့ဖူးသည်ကို အလေးအနက်ထား နာယူသင့်ကြပါသည်။**

**စာမျက်နှာ ၇ သို့ ***

# YRTC က စည်းကမ်းလိုက်နာသော YBS ယာဉ်မောင်းများကို ဂုဏ်ပြုချီးမြှင့်သွားမည်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ခရီးသည်တင် YBS ယာဉ်လိုင်းပေါင်း ၂၀ မှ စည်းကမ်းပိုင်းနှင့် ဝန်ဆောင်မှုကောင်းမွန်သော ယာဉ်မောင်းများကိုရွေးချယ်၍ YRTC မှ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC) တွင်ကျင်းပသော မီဒီယာရှင်းလင်းပွဲမှ သိရသည်။




အဆိုပါမီဒီယာတွေ့ဆုံပွဲတွင် YRTC အနေဖြင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စီးခ ပိုမိုကောက်ခံသော ယာဉ်လိုင်းများကို စုံစမ်းစစ်ဆေးရေး၊ စည်းကမ်းဖောက်ဖျက်သော မော်တော်ယာဉ်များကို CNG ပိတ်သိမ်းရေးတို့ကို စည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ ယာဉ်လိုင်းပေါင်း ၂၀ တွင် စည်းကမ်းပိုင်းနှင့်ဝန်ဆောင်မှုကောင်းမွန်သော ယာဉ်လိုင်းများကို ကုမ္ပဏီတစ်ခုလျှင် ယာဉ်မောင်းသုံးဦးကျ ရွေးချယ်၍ စုစုပေါင်း ယာဉ်မောင်း ၆၀ ကို တစ်ဦးလျှင် ငွေကျပ်သုံးသိန်းဖြင့်လည်းကောင်း၊ ခရီးသည်များ ကျန်ရစ်ခဲ့သော တန်ဖိုးကြီးပစ္စည်းနှင့်ငွေကြေးများကို ပြည်သူတို့လက်ဝယ်အရောက် ပေးအပ်ခဲ့သော ယာဉ်မောင်း ၂၀ တို့ကို အကျင့်စာရိတ္တကောင်းမွန်သူအဖြစ်လည်းကောင်း ဩဂုတ် ၂၆ ရက်တွင် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သည်။

ထိုသို့ ဆုများပေးအပ်ချီးမြှင့်နိုင်ရန် YRTC အနေဖြင့် ပို့ဆောင်ရေးဌာန(မြို့တွင်း)၊ 'ဂ'စင်းလုံးငှားဌာန၊ 'ဃ'ပဋိညာဉ်ဌာန၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာန၊ အဝေးပြေးခရီးသည်သယ်ယူပို့ဆောင်ရေးဌာနနှင့် ကုန်စည်ကြီးကြပ်မှုဌာနတို့ဖွဲ့စည်း၍ စည်းကမ်းလိုက်နာသော ယာဉ်မောင်းများကို အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ဂုဏ်ပြုသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းရှိ ခရီးသွားများစည်ကားရာ မှတ်တိုင်တို့တွင်လည်း ယာဉ်လိုင်းများ အဝင်/အထွက်နှင့်ခရီးသွားများ ကြန့်ကြာမှုမရှိစေရန် YRTC မှ ဝန်ထမ်းနှစ်ဦးစီဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ၊ ဓာတ်ပုံ-ကနူး**

# ဇလွန်မြို့နယ်၌ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပြီးဖြစ်

**ဇလွန် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအား နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၀ ရက်မှ ယမန်နေ့အထိ ချေးငွေကျပ် ၃၀၉၂၂၅၀၀၀၀ ကို ထုတ်ချေးပေးနိုင်ခဲ့သည်။

**ဆက်လက်ထုတ်ချေးပေးသွားမည်**

အဆိုပါ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးရာတွင် ကျေးရွာအုပ်စု ၅၄ အုပ်စု၊ စိုက်ပျိုးဧက ၂၀၆၁၅ ဧက၊ တောင်သူ ၃၀၈၅ ဦးအား ချေးငွေကျပ် ၃၀၉၂၂၅၀၀၀၀ ကို သက်သာသည့် အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသည့် ကျေးရွာအုပ်စုများမှ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**



# ပန်းတောင်းမြို့နယ်၌ စားသုံးဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

**ပန်းတောင်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာနေပြည်သူများ စားသုံးဆီဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပြည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က သူရဲဇီးကျေးရွာနှင့် မင်းရပ်-ရပ်ကွက်တို့တွင် ယနေ့နံနက်ပိုင်းက လာရောက်ရောင်းချပေးသည်။

ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ပြည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာနေလင်းအောင်တို့က ပြည်သူများ ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်စေရန်အတွက် ရောင်းချပေးရာ၌ ဆီတစ်ပိဿာလျှင် ငွေကျပ် ၃၈၅၀ နှုန်းဖြင့် သရက်လိန်ကျေးရွာတွင် စားသုံးဆီပိဿာ ၄၄၀ နှင့် မင်းရပ်-ရပ်ကွက်တွင် စားသုံးဆီပိဿာ ၅၅၀ တို့ကို ရောင်းချပေးခဲ့သည်။

အဆိုပါ စားသုံးဆီများရောင်းချပေးရာတွင် ပြည်သူများ စနစ်တကျဝယ်ယူနိုင်ရေးအတွက် ပန်းတောင်းမြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေး၊ ပန်းတောင်းမြို့မရဲစခန်းမှ ဒုရဲအုပ်နေမျိုးဇော်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ အရောက် လာရောက်ရောင်းချပေးမည်ဖြစ်ကြောင်း ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာနေလင်းအောင်ထံမှ သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

✻ စာမျက်နှာ ၆ မှ

ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အသိဖြင့်သာ အမှန်တရားကို ဖွေရှာနိုင်သည်ဟု ဆိုသဖြင့် ကိုယ်တိုင်ထိုးထွင်းသိမြင်ရန် အတွက်မူ နည်းလမ်းတစ်ခုသာရှိပါသည်။ စာများများ ဖတ်မှတ်ရန်နှင့် အစဉ်လေ့လာဆည်းပူးနေရန်ပင် ဖြစ်သည်။ စာဖတ်မပျင်းရ၊ လုံ့လစိုက်၍ အဖြေမှန်ရရေး၊ ဆုံးဖြတ်ချက်မှန်ရေး၊ လူတုံးလူအ မဖြစ်ရေး၊ သူများသွေးထိုးတာ၊ သူများဆွဲဆောင်တာ မခံရရေးအတွက် ဆိုလျှင် ဗဟုသုတများပြီး တော်နေမှသာရမည်ဟု သိထားသင့်ပါသည်၊ တော်မှလည်း ကောင်းဖို့အတွက် ဖြစ်လာနိုင်ပါသည်။

**ဘယ်လိုလေ့ကျင့်တည်ဆောက်ကြမလဲ**

သို့ဆိုလျှင် ပညာဖြင့် ဘယ်လိုလေ့ကျင့်တည်ဆောက်ကြမလဲ။ ယခုတစ်နှစ်၊ နှစ်နှစ်အတွင်းကာလ အခြေအနေများသည် critical thinking တည်ဆောက်ဖို့ အကောင်းဆုံး၊ လေ့ကျင့်ကွင်း training ground တစ်ခုသဖွယ် အခွင့်အလမ်းများကား ရှိနေသည်။ critical thinking တည်ဆောက်ရန် လက်တွေ့လေ့လာလေ့ကျင့်ရန် အခြေအနေများက အခွင့်အလမ်းကောင်းများအဖြစ် ဖန်တီးပေးနေသည်ဟု ယူဆပါသည်။ မိမိပတ်ဝန်းကျင်မှာ အဖြေရှာရန် ခက်ခဲသည့် ပြဿနာပေါင်းစုံအနည်းနှင့်အများ ရှိနေသည့်အနေအထားတွင် အခွင့်ကောင်းကို ဆုပ်ကိုင်နိုင်ရန်သာ အရေးကြီးပါသည်။

ဥပမာ- စကားတစ်ခွန်းရပြီဆိုပါစို့.. ဘယ်လိုလူက ပြောတာလဲ၊ သူ့ရဲ့နောက်ခံ အကြောင်းအချက်အလက်၊ သူက ဘယ်သူ့ဘက်ကလဲ၊ ဒီလိုအချိန် ဒီလိုနေရာမှာ ဘာကြောင့် ဒီလိုစကားပြောရတာလဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ၊ စေတနာနဲ့လား၊ ဝေဒနာပေးဖို့လား၊ သူပြောတဲ့အကြောင်းအရာက လက်ရှိအခြေအနေနဲ့ကောကိုက်ရဲ့လား စသည်ဖြင့် ဆင်ခြင်ပိုင်းခြားရပါမည်။

မိမိစဉ်းစားသုံးသပ်စဉ်တွင် ဦးစွာဘာကိုမှ ဝေဖန်ရန်မသင့်ပါ၊ မှတ်ချက်ပေးမစောမိရန်လည်း တိုက်တွန်းပါရစေ..။ သတင်းတစ်ခုရလျှင် မှန်တယ်လို့လည်း မထင်ပါနဲ့ဦး၊ လိုအပ်လျှင် သံသယအမြင်လေးထားတာ ပို၍သင့်တော်ပါသည်။ သူပြောတာ မှန်မမှန်၊ ကိုယ်ရသည့်သတင်းမှန်မမှန်၊ သက်ဆိုင်သည့် အထောက်အထား အချက်အလက်အားလုံးကို မတူညီသည့် အရင်းအမြစ်ပေါင်းစုံက (ကိုယ်ကြိုက်တဲ့ source ရော၊ မကြိုက်တဲ့ source ကရော) ရှာဖို့လိုပါသည်။ အချို့က မိမိကြိုက်သည့် လိုလားသည့် favour ပေးသည့် စာအုပ်စာတမ်းများကိုသာဖတ်ရှု၍ မိမိအားသန်သည့်ဘက်က ဘက်လိုက်သုံးသပ်ဆုံးဖြတ်ကြ၍ဖြစ်သည်။

**ပိုင်းခြားဆင်ခြင် သုံးသပ်နိုင်စွမ်းကပေးသော အကျိုးကျေးဇူးများ**

မိမိလေ့လာသည့်နယ်ပယ်မှ အချက်အလက်အသေးစိတ်ကို ရှုထောင့်ပေါင်းစုံမှ ကြိုးစားရှာဖွေ အားထုတ်လေ့လာသင့်ပါသည်။ ကိုယ်ရှာသည့် အချက်အလက်သည် reliable စိတ်ချယုံကြည်အားကိုးရဖို့လည်း လိုပြန်သည်။ အမှားကင်း၍ အမှန်ကိုလိုလားစွာဖြင့်၊ ရိုးသားသည့်စိတ်ဖြင့် အစွဲကင်းစွာ ရှာဖွေရန်လည်း အရေးကြီးပါသည်။ အလေ့အကျင့်များလာ၍ အမှန်ကို ရွေးချယ်အဖြေထုတ်ဖန်များလာလျှင် အစွဲလည်းကင်းစင်လာတတ်ပါသည်။ အချက်အလက်ရှာဖွေတာ မှန်ကန်လျှင်လည်း လက်ခံသင့်သည့်အရာကို အကြောင်းအကျိုးညီညွတ်စွာဖြင့် လက်သင့်ခံလာတတ်ပါသည်။ နောင်တွင် ခံစားချက်ထက် ဦးနှောက်ကို ရှေ့တန်းတင်လာတတ်ပါမည်။ ခံစားချက်ကို ဦးစားမပေးတော့သည့်အခါ ရှုပ်ရှုပ်ထွေးထွေးအခြေအနေများကြားတွင် ရိုးရှင်းစွာ တွေးခေါ်တတ် စဉ်းစားတတ်လာပါလိမ့်မည်။ ရေမြင့်ကြာတင့် ဆိုသလို လေ့လာမှုအားကောင်းသောကြောင့် အတွေးအခေါ်လည်း အလိုလိုမြင့်မားလာခြင်းဖြစ်ပေမည်။

Critical thinking ဖြင့် ဝေဖန်ပိုင်းခြားစဉ်းစားတတ်လာလျှင် အခြေအနေအရပ်ရပ်ကို အမှားကင်းစွာဖြင့် သုံးသပ်လာနိုင်သည့်အကျိုး ရလာပေမည်။ အခြေအနေကို အလွယ်တကူ နားလည်သဘောပေါက်နိုင်စွမ်းလည်း ရှိလာမည်။ ဘယ်အရာက အဆိပ်အတောက်လဲ အကောင်းအဆိုး ခွဲခြားသိလာမည်။ မိမိဖြစ်ချင်တာနှင့် ဖြစ်သင့်ဖြစ်ထိုက်တာအပေါ်မှာ ဟန်ချက်ညီ balanced ဖြစ်အောင် စဉ်းစားလုပ်ကိုင်တတ်လာမည်။ ခက်ခဲသောပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိလာသည့် နည်းတူ နောင်တွင် အလားတူ ပြဿနာမဖြစ်အောင်လည်းကြိုတင်ကာကွယ်ထိန်းချုပ်လာနိုင်မည်ဖြစ်သည်။

ပြဿနာဖြစ်လာလျှင်လည်း အရန်နည်းလမ်းတစ်ခုရှာဖွေပြီး ဖြစ်နေတတ်သည်။ မှန်ကန်၊ မြန်ဆန်၊ တိကျသော အဖြေကိုထုတ်နိုင်စွမ်းရှိလာ၍ စိတ်ပင်ပန်းခြင်းမှလည်း ကင်းဝေးလာမည်။ မိမိကိုယ်မိမိ ယုံကြည်မှုတိုးလာသလို အခြားသူများ၏ စဉ်းစားတွေးတောပုံ၊ သူဘာ့ကြောင့်ဒီလိုတွေးရသလဲ၊ အတွေးနှင့် လုပ်တာကိုင်တာများအပေါ်တွင် နားထောင်ပေးတတ်လာပြီး နားလည်လက်ခံပေးမှုလည်း မြင့်လာမည်။ ထို့ကြောင့်လည်း ပေါင်းသင်းဆက်ဆံရေး social skill အားကောင်းလာပြီး ပူးပေါင်းဆောင်ရွက်မှု ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုလည်း ကောင်းလာမည်။

အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်တတ်လာပြီး အခွင့်အလမ်းကို ရှာဖွေအသုံးချနိုင်စွမ်းရှိလာကာ စိန်ခေါ်မှုများကို ကြိုတင်မြော်တွေး ရင်ဆိုင်နိုင်စွမ်းရှိလာမည်။ ထိုမှတစ်ဆင့် တိကျမှန်ကန်သည့် ရည်မှန်းချက်များ ချမှတ်လာနိုင်သည်ကို တွေ့ရမည်။ သမားရိုးကျအမြင်မှ တိုးတက်မှုကို ရှေးရှုသည့် ဖောက်ထွက်ဖန်တီး စဉ်းစားနိုင်စွမ်းရှိသည့် မျိုးဆက်သစ်လူငယ်များတိုးပွားလာခြင်းက အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်တစ်ခုဖြစ်လာမည်ဟု ယုံကြည်မှုများတိုးလာမည်။ critical thinking ၏ အကျိုးကျေးဇူးများကား များပြားပြီး အကျိုးလည်းရှိလှပါသည်။

ပိုင်းခြားဝေဖန်၊ ဆင်ခြင်သုံးသပ်တွေးခေါ်စဉ်းစားနိုင်ခြင်းဟူသည့် ကုထုံးကားရှုပ်ထွေးမြားမြောင် ဖြေရှင်းရခက်သော ပြဿနာပုစ္ဆာများကို ဖြေရှင်းရာတွင် များစွာကူညီပေးနိုင်သည်ဟူသော အချက်များကို ထုတ်ဖော်ခဲ့ပါပြီ။ ဤသို့ ဆင်ခြင်စဉ်းစားနိုင်မှုကသာ ကိုယ်ရည်မှန်းထားသည့်ပန်းတိုင်နှင့် ကိုယ်လက်ရှိရောက်နေသည့် အခြေအနေ ကွာဟချက်ကွက်လပ်ကို ကျဉ်းသည်ထက်ကျဉ်းအောင် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ နောက်ဆုံးမှာတော့.... ဝေဖန်ပိုင်းခြား ဆင်ခြင်သုံးသပ်နိုင်စွမ်းအားမြင့်မားသည့် ဝန်းကျင်တစ်ခုတွင် ဆိုခဲ့သည့် ရလဒ်ကောင်းများကြောင့်

မုန်းလျှင်လည်း
အပြစ်တင်စောကြတော့မည် မဟုတ်၊
ချစ်လျှင်လည်း
အကျိုးချည်းမြင်ကြတော့မည် မဟုတ်၊
မြတ်နိုးလွန်းလို့လည်း သဒ္ဓါလွန်မဖြစ်၊
ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းလည်း
ဖြစ်ကြတော့မည်မဟုတ်ဟုသာ။

အတွေးလွန်၍ အမှားထဲကအမှန်ကို မျှော်လင့်နေမိပါတော့သည်.... ။

# ပုသိမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို ဩဂုတ် ၈ ရက်နှင့် ယနေ့တို့တွင် နယ်မြေခံဆေးတပ်ရင်းနှင့် မြို့နယ်ကျောင်းကျန်းမာရေးဌာနတို့မှ ဆရာဝန်များ၊ သူနာပြုများက မျက်စိရောဂါ၊ သွားရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါများနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

သတင်းစဉ်





# ကွမ်းလုံမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ပြုလုပ်

ကွမ်းလုံ ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ကွမ်းလုံမြို့နယ် အခြေခံပညာအလယ်တန်း(တပ်တွင်း)ကျောင်း၌ ဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိဇာချိုက လူငယ်နှင့်ဖွဲ့အကြောင်းကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာသန်းဝင်းက လူငယ်နှင့် အားကစားအကြောင်းကို လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာသန်းဝင်းက ကျောင်းသား ကျောင်းသူများအတွက် ဘောလုံး ငါးလုံးနှင့် ခြင်းလုံးသုံးလုံးတို့ကို ပေးအပ်ရာ အခြေခံပညာအလယ်တန်း (တပ်တွင်း)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးညီညီမောင်က လက်ခံရယူသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်ပြဘုတ်ကို ကြည့်ရှုကြပြီး နယ်လှည့်စာကြည့်တိုက်၌ စာအုပ်များကို ငှားရမ်းဖတ်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ် သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား ကျင်းပ

လပွတ္တာ ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့တွင် မြို့နယ်သမဝါယမ အသင်းစုရုံးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ၊ အသင်းဝင် အခြေခံ သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနား ပထမပိုင်းတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမျိုးဝင်းက အမှာစကား ပြောကြားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူသည်။

**အမှုဆောင်သစ်များ ရွေးချယ်**

အခမ်းအနား ဒုတိယပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်က ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အမှုဆောင်သစ်များကို ဆန္ဒမဲပေးရွေးချယ်ကာ တာဝန်ခွဲဝေပေးအပ်ပြီး အမှုဆောင်သစ်များက ကတိသစ္စာခံယူကြကြောင်း သိရသည်။

သတင်းစဉ်

# မိုးညိုမြို့ အလက(ခွဲ)မြို့မကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်

မိုးညို ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြို့မရပ်ကွက်ရှိ အလက(ခွဲ) မြို့မကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုကို ယမန်နေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းကျန်းမာရေးဆောင်ရွက်ရာတွင် မြို့နယ်ဆရာ



ဝန်ကြီး ဒေါက်တာကျော်မိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခက်ခက်အောင်နှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးလှိုင်မြင့်သိန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းတွင်း ကျောင်းပြင်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကျောင်းဝင်းအတွင်းရှိ ရေကန်များအား အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၏ ဝိုင်းဝန်းကူညီမှုဖြင့် ကျောင်းသား ကျောင်းသူများအား ပဲနို့နှင့်အာဟာရမုန့်များကျွေးမွေးခြင်း၊ စနစ်တကျ သွားတိုက်နည်းအား လက်တွေ့ပြသပေးခြင်း၊ ကိုယ်အလေးချိန်/အရပ်တိုင်းတာပေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် တစ်ကိုယ်ရေကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

# ရမည်းသင်းခရိုင်အတွင်း၌ ဆီထွက်သီးနှံဆောင်းနေကြာ ၈၁၇၇၇ ဧက စိုက်ပျိုးရန်လျာထား

ရမည်းသင်း ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း၌ ဒေသအတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းနေကြာစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၈၁၇၇၇ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်းနေကြာစိုက်ပျိုးလျာထားရာတွင် ရမည်းသင်းမြို့နယ်အတွင်း၌ ၄၆၅၅၆ ဧကနှင့် ပျော်ဘွယ်မြို့နယ်အတွင်း၌ ၃၅၂၂၁ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။ ရမည်းသင်းခရိုင်အတွင်း၌ မိုးနေကြာကို ၁၃၉၂၉ ဧက စိုက်ပျိုးခဲ့ပြီး အဆိုပါ စိုက်ပျိုးဧကများထဲမှ နေကြာမျိုးစေ့လိုအပ်ချက်ကို ရမည်းသင်းမြို့နယ်၌ ဧက ၄၀၀၊ ပျော်ဘွယ်မြို့နယ်၌ ဧက ၄၀၀ စုစုပေါင်းဧက ၈၀၀ တို့တွင် ဆင်းရွှေကြာ (၂) နေကြာမျိုးများ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဌာနဝန်ထမ်းများသည် မျိုးကောင်းမျိုးသန့်နေကြာများ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးရေး၊ လျာထားစိုက်ပျိုးဧကပြည့်မီနိုင်ရေး အစရှိသည်တို့ကို စိုက်ပျိုးတောင်သူများနှင့်တွေ့ဆုံ၍ ညှိနှိုင်းပေါင်းစပ်ကာ စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပြီး မျိုးစေ့များရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသည်။

ရမည်းသင်းမြို့နယ်အတွင်း၌ ဆီထွက်သီးနှံဆောင်းနေကြာကို စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း၌ စိုက်ပျိုးသွားမည်ဖြစ်ရာ စိုက်ပျိုးတောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

# မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဩဂုတ် ၉

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

★ ကျောဖုံးမှ

ပေါ်လယ်-ဝက်ချီပါကြိုးပြင်ကာကွယ်တောဧရိယာသည်ကာကွယ်တောအနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏စိုက်ပျိုးမြေများတွင် ရေရရှိနိုင်သည့်ရေဝေရေလဲဒေသအား ထိန်းသိမ်းရန်၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ပေါ်လယ်-ဝက်ချီပါကြိုးပြင်ကာကွယ်တောအတွင်း အဖိုးတန်သစ်မျိုးများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ယင်းမာ၊ ထောက်ကြံ့ စသည့်သစ်မျိုးများ၊ အင်၊ ရှား၊ ၊ တယ်၊ နဘဲ၊ ဖန်ခါး၊ ဆီးဖြူ၊ ခူးသန်၊ နှော၊ လက်ပံ၊ သစ်ဖယောင်း၊ ဇောင်းပုလွေးပင်များ ပေါက်ရောက်နေပြီး ဂျီ၊ တောခွေး၊ တောကြောင်၊ တောကြက်၊ တောဝက်၊ ယုန်နှင့် မျောက် စသည့်တိရစ္ဆာန်များ၊ သစ်တောက်ငှက်၊ ငုံး၊ ခါ၊ ချိုး၊ စွန် စသည့်ငှက်မျိုးများ နေထိုင်ကျက်စားရာ ဒေသဖြစ်သည့်အပြင် မြစ်သာမြစ်အတွင်း စီးဝင်သော ပေါ်လယ်ချောင်းမကြီး၏ရေဝေရေလဲဧရိယာဖြစ်သဖြင့် သစ်တောသယံဇာတများကို စနစ်တကျထိန်းသိမ်းစီမံအုပ်ချုပ်ရန်အတွက် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



ပေါ်လယ်-ဝက်ချီပါ ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။



## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၂၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၇၃၇၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ ဒေသခံပြည်သူ ၁၅၂၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၄၇၆၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၉၆၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၂၁၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၈၂၁၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်လတ်မြို့နယ်၌ ဈေးနှုန်းသက်သာစွာဖြင့် စားသုံးဆီများရောင်းချပေး

**ကျိုက်လတ် ဩဂုတ် ၉**

ဧရာဝတီတိုင်း ဒေသကြီး ကျိုက်လတ်မြို့နယ်၌ နေထိုင်ကြသည့် မိဘပြည်သူများ စားသုံးဆီကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စီမံဆောင်ရွက်သည့်စီစဉ်မှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံနှင့် အဖွဲ့သည် စားသုံးဆီများကို မိဘပြည်သူများလက်ဝယ်သို့သက်သာသောနှုန်းထားတို့ဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက် ၈ နာရီမှ စတင်၍ ကျိုက်လတ်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဆီတစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ စားသုံးဆီများအား သက်သာသော နှုန်းထားဖြင့် လူတစ်ဦးလျှင် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ယနေ့တွင် ဆီပိဿာချိန် ၂၂၀ ကို ရောင်းချပေးခဲ့ပြီး စတင်ရောင်းချပေးခဲ့သည့် ဩဂုတ် ၆ ရက်မှ ယနေ့အထိ စုစုပေါင်း ဆီပိဿာချိန် ၅၅၀ ကို မိဘပြည်သူများ၏ လက်ဝယ်အရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်**

**(ပြန်/ဆက်)**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကန်သာယာမူလတန်းကြိုကျောင်းရှိ ကလေးငယ်များအတွက် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်

**ဟိုပုံး ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းတွင် ယနေ့နံနက် ၉ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၏ လမ်းညွှန်မှုဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာစန်းလှိုင်နှင့် ဝန်ထမ်းများက ကလေးငယ်များအတွက် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကလေးငယ်များအတွက် ကျန်းမာရေးအထောက်အကူပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာ



အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကလေးများအတွက် ချက်ပြုတ်ကျွေးနေမှုအခြေအနေတို့ကို ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မူလတန်းကြိုကျောင်း၌ ယခုပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူ ၈၀ ခန့်ရှိကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်၌ မိုးစပါးအောင်မြင်ဖြစ်ထွန်း

**မိုင်းယောင်း ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ မိုးစပါးစံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါး မျိုးသန့်ပွားစံပြကွက်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုကြသည်။

ဝမ်ဘိုးကျေးရွာအုပ်စု နားဖန်းကျေးရွာရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင် တောင်သူဦးစိုင်းသီဟ စိုက်ပျိုးထားသော ဆင်းရေကီ-၃ နှစ်ကေစိုက်ခင်းနှင့် တောင်သူဦးအိုက်အောင် စိုက်ပျိုးထားသော မော်ဘီကောက်ညှင်းမွှေး နှစ်ကေစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စိုင်းအောင်ဇော်လင်း**



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၆၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၀၅ | ၁၉၂၅ | ၁၉၁၀ | ၁၈၉၀ | ၁၉၈၅ | ၂၀၀၀ | ၁၈၉၅ | ၁၉၀၅ | ၁၉၄၀ | ၁၉၄၀ | ၁၉၄၅ | ၂၁၆၀ | ၂၇၂၀ |
| 95 Ron | ၁၉၂၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၈၅ | ၁၉၇၅ | ၁၉၅၀ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၇၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၂၂၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၅ | ၂၂၇၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၃၀၈၅ |
| HSD (50 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၁၂၀ |
| HSD (10 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၁၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၆၅ | ၁၈၃၄ |
| 95 Ron | ၁၈၂၄ | ၁၈၉၄ |
| HSD (500 ppm) | ၂၀၂၁ | ၂၀၉၁ |
| HSD (50 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (10 ppm) | ၂၀၈၃ | ၂၁၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

### “ဥယျာဉ်မှူးနှင့် ပန်းပွင့်များ ဝတ္ထုတိုပေါင်းချုပ်”

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ ရွှေညောင်မြေမောင်စန်းမြင့်၏ “ဥယျာဉ်မှူးနှင့် ပန်းပွင့်များ ဝတ္ထုတိုပေါင်းချုပ်” စာအုပ်ကို ငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် နံရံပေါ်က ပန်းချီကား၊ နီနီဟူသော ပန်းတစ်ပွင့်၊ စုန်သောရေ၊ လေတံခွန် အလွမ်း စသည့် ဝတ္ထုတိုအပုဒ်ပေါင်း ၁၂ ပုဒ် ပါဝင်သည့်အပြင် ဆရာနှင့် ကျောင်းသား မိဘ ဆက်ဆံရေး၊ အတ္တကြီးသည့် မိဘများနှင့် ဆရာဘဝ၊ ကျောင်းအုပ်ဆရာကြီး တစ်ယောက်၏ အခက်အခဲများနှင့် ဖြေရှင်းပုံများ၊ ကလေး၏ကျန်းမာရေးကို ရိုးရာအစွဲကုထုံးဖြင့် ကုသနေမှုများနှင့် ကျောင်းဆရာ၏ တုံ့ပြန်ဆောင်ရွက်မှုများ၊ လူငယ်ကျောင်းသားများနှင့် မူးယစ်ဆေးဝါးပြဿနာများ၊ ဆရာ့မေတ္တာသည် တပည့်များအပေါ် ထာဝရဆင့်ကာ ဆင့်ကာ စီးဆင်းနေသည့် စုန်ရေအကြောင်းနှင့် တုံ့ပြန်ပုံချင်းမတူညီသည့် တပည့်များနှင့်လည်း ကြုံတွေ့ခဲ့ရပုံတို့ကို ရသမြောက်စွာ သရုပ်ဖော်ရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### “တို့ လေးလေးစားစား သီဆိုမယ်နှင့် အခြားဝတ္ထုတိုများ”

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ကလေးစာပေ တတိယဆုရရှိသည့် စာရေးဆရာညွန့်ဝင်း (နတ်တလင်း) ၏ “တို့ လေးလေးစားစား သီဆိုမယ်နှင့် အခြားဝတ္ထုတိုများ” စာအုပ်ကို ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကြင်ကြင်နာနာ နေပါ့မယ်၊ ကိုယ်ချင်းစာစိတ်မွေးရအောင်၊ စေတနာအကျိုး၊ ခေတ်သစ်မဟော်သဓာ၊ လိမ်ညာသက်မွေး အားမပေးပါ၊ မမေ့နိုင်သော ကောင်းမှုတစ်ခု စသည့် ပညာပေးဝတ္ထုတို ၂၇ ပုဒ် ပါဝင်ပြီး လူ့ဘဝတွင် လူတိုင်းအတွက် အရေးကြီးဆုံးဖြစ်သော စိတ်ကောင်းစေတနာထားရှိရေး၊ မိဘဆရာသမားတို့၏ အဆုံးအမကို လိုက်နာရေး၊ အစားအသောက် အနေအထိုင် ယဉ်ကျေးလိမ္မာရေး၊ မိသားစုအတွင်း ချစ်ချစ်ခင်ခင်နေထိုင်ရေး၊ ငယ်စဉ်ကတည်းကပင် ကောင်းမွန်သော အသက်မွေးမှုပြုလုပ်လိုစေရေးတို့အတွက် နှိုးဆော်လမ်းပြထားပြီး အရေးအဖွဲ့ ရှင်းလင်းပြေပြစ်ကာ ကလေးငယ်များ အလွယ်တကူနားလည်နိုင်စေမည့်အပြင် အပြုသဘောဆောင်သော စေတနာမေတ္တာဖြင့် ရေးသားထားသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ စည်းကမ်းများကို လိုက်နာစို့

# သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

ဘကြီးကောင်း

မောင်မြင့်အေးရေ ...

“မိုက်မဲသည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် ကျူးလွန်ခဲ့သောပြစ်မှုများကို သည်းခံတော်မူပါဘုရား။ နောက်နောင်အခါ ရှောင်ကြဉ်ပါတော့မည်ဘုရား” ဆိုတဲ့ အဇာတသတ်မင်းကြီးက ဖခင် ဗိမ္ဗိသာရမင်းကြီးကို ကျူးလွန်မိခဲ့တဲ့ ပြစ်မှုကြီးအပေါ် နောင်တရပြီး မြတ်စွာဘုရားရှင်ကို ဝန်ချတောင်းပန်ခဲ့တဲ့ စကားလုံး အသုံးအနှုန်းကလေးက တို့ပုထုဇဉ်လူသားတွေအတွက် အမြဲအမှတ်ရ သတိပြုဆင်ခြင်စရာ တစ်ခုပါပဲ။

သံသရာခရီးသွား ပုထုဇဉ်လူသားတွေအဖို့ကတော့ မိုက်မဲသည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် ရံဖန်ရံခါ အမှားတွေ ကျူးလွန်မိတတ်ကြတယ်။ သို့ပေမဲ့ အများစုကတော့ မကောင်းမှုကို မကောင်းမှုမှန်း မသိမမြင်ကြတော့ အဇာတသတ်မင်းကြီးလို တောင်းပန်လျှောက်ထား နောက်နောင်ရှောင်ကြဉ်ဖို့ နေနေသာသာ ကိုယ်ကျူးလွန်ခဲ့တဲ့အပြစ်ကို အမှားကိုအမှန်အဖြစ် ဖုံးကွယ်လှည့်စားပြီး ရှေ့ကိုတိုးမိုက်မိကြပြန်တယ်။

## နောင်တတွေရလာတတ်ကြ

ကိုယ်ပြုလုပ်ခဲ့တဲ့ မကောင်းကျိုးတွေဟာ ကိုယ့်အပေါ်အကျိုးပေးချိန်ရောက်တော့မှ နောင်တတွေရလာတတ်ကြတယ်။ ဒါကြောင့်မို့ ပညာရှိသူတော်ကောင်းတွေက သတ္တဝါအပေါ် သနားကရုဏာထားပြီး မကောင်းမှုတွေကို ရှောင်ကြဉ်စေဖို့၊ မလုပ်မိစေဖို့ အခါအားလျော်စွာ သတိပေးဆုံးမဟောပြောနေကြခြင်း ဖြစ်ပါတယ်။

ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသက “သံသရာခရီးသွားအမှားမလုပ်မိစေနှင့်” ခေါင်းစဉ်နဲ့ “သံသရာခရီးသွား ပုဂ္ဂိုလ်တိုင်းဟာ အမှားလုပ်မိတတ်ကြတယ်။ ဘာကြောင့် အမှားလုပ်မိကြသလဲဆိုရင် အမှန်ကို မသိခြင်းကြောင့်ပဲပေါ့။ အေး၊ ‘လုပ်သင့်တာနဲ့ မလုပ်သင့်တာ’ကို မသိဘူး။ မသိတဲ့အတွက်ကြောင့် မလုပ်သင့်တာကို လုပ်မိခြင်း၊ လုပ်သင့်တာကို မလုပ်မိခြင်းဆိုတာ အကြောင်းတစ်ခုပဲ။ မသိလို့ အဆိုးကို အကောင်းထင်ပြီး ရံဖန်ရံခါလူတွေဟာ လုပ်မိတတ်ကြတယ်။

မှားမှားယွင်းယွင်း တစ်ခုခုလုပ်မိသွားပြီဆိုရင် ခံရတဲ့အကျိုးဆက်ဟာ သက်သာလှတယ်လို့မရှိဘူး။ ဗုဒ္ဓမြတ်စွာရဲ့လက်ထက်တော်အခါမှာ ကြုံတွေ့ခဲ့ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ အခြေအနေကို ဆင်ခြင်သုံးသပ်ပြီး ကိုယ့်ကိုယ်ကိုယ် သတိပေးနိုင်ဖို့ပါ။

ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်၊ ကောင်းမှု၊ မကောင်းမှု ဒီနှစ်ခုကို ဘာနဲ့စံပြုပြီး ခွဲခြားရတုံးဆိုရင် မြတ်စွာဘုရားက ‘လုပ်ပြီးတဲ့အခါမှာ ပူပန်နေရတဲ့အလုပ်’မျိုး။ လုပ်မိတာ မှားလေခြင်းလို့ စိတ်ပူပန်ရတဲ့အလုပ်မျိုးကို ‘မကောင်းတဲ့အလုပ်’လို့ ခေါ်တယ်။ အလုပ်တစ်ခုကို လုပ်မိပြီးတဲ့နောက်မှာ ဘယ်အလုပ်ပဲဖြစ်ဖြစ် အကျိုးဆိုတာ ပေါ်လာတတ်တယ်။ ဆိုပါစို့၊ သရက်ပင်စိုက်ရင် သရက်သီးဆိုတာ သီးလာမှာပဲ။ သရက်သီးဟာ အကျိုးပေါ့နော်။ အေး၊ ကိုယ်လုပ်တဲ့အလုပ်တစ်ခု စိတ်ထဲကတွေးတာပဲဖြစ်စေ၊ နှုတ်က ထုတ်ဖော်ပြောတာပဲဖြစ်စေ၊ ကိုယ်ထိလက်ရောက် လုပ်တာပဲဖြစ်စေ ထိုလုပ်ရပ်ရဲ့ အကျိုးသက်ရောက်မှုက ပေါ်လာမှာပဲ။ အဲဒီလို ပေါ်လာတဲ့အခါ ‘ရလာတဲ့ အကျိုးတရားကို ငိုငိုရယ်ရယ် ကြိတ်မှိတ်ပြီး ခံစားရမယ့်အလုပ်မျိုးဟာ မကောင်းတဲ့အလုပ်’တဲ့။ ဒီနှစ်ချက်နဲ့ မှတ်ရမယ်နော်။

မြတ်စွာဘုရားဒေသနာတော်နဲ့ ပြောမယ်ဆိုရင် ‘န တံ ကမ္မံ ကတံ သာဓု’ ဒီအလုပ်မျိုးဟာ မကောင်းဘူးတဲ့။ ဘယ်အလုပ်တုံး၊ ‘ယံ ကတွာ အနုတပ္ပတိ’ လုပ်ပြီးတဲ့ နောက်မှာ ပူပန်နေရမယ့် အလုပ်မျိုး။ ‘ယဿ အဿုမုခေါ ရောဒံ’။ အဿုမုခေါ – မျက်ရည်ရွှဲနေတဲ့ မျက်နှာနဲ့။ ရောဒံ – ဆိုတာ တငိုငိုတယိုယို၊ ‘ဝိပါကံ ပဋိသေဝတိ’ အဲဒီလုပ်ရပ်ရဲ့အကျိုး ပေါ်လာပြီဆိုလို့ရှိရင် အကျိုးတရားကို ကြိတ်မှိတ်ပြီး ခံစားရတဲ့အလုပ်မျိုးဟာ မကောင်းတဲ့ လုပ်ရပ်ပဲတဲ့။ မြတ်စွာဘုရားက လူတိုင်းနားလည်အောင် မကောင်းမှုကို ဒီလိုရှင်းပြတာနော်။

## နောင်တပူပန်မှုကို မဖြစ်စေဘူးဆိုရင်

ကောင်းမှုဆိုတာကျတော့ ပြောင်းပြန်မှတ်ရမယ်။ ‘လုပ်မိတဲ့ ကိစ္စတစ်ခုဟာ ဘယ်တော့မှ ငါလုပ်မိတာမှားလေခြင်းလို့ နောင်တပူပန်မှုကို မဖြစ်စေဘူးဆိုရင် ကောင်းတဲ့ အလုပ်ကောင်းမှုပဲ’။ တစ်ခါ အကျိုးပေါ်လာလို့ရှိရင်လည်းပဲ ‘ရရှိလာတဲ့ အကျိုးကို ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿနဲ့ ခံစားရပြီဆိုရင်လည်း ကောင်းတဲ့လုပ်ရပ်’လို့ ဒီလို ပြောတာ။ အဲဒီလိုကောင်းမှု၊ မကောင်းမှုကို ခွဲခြားသိရမယ်”စသည်ဖြင့် လွန်ခဲ့တဲ့ ၁၃ နှစ်၊ ၂၀၀၉ ခုနှစ်က ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ပါမောက္ခချုပ်ဆရာတော်ကြီးက ‘သံသရာခရီးသွား အမှားကိုမလုပ်မိစေနဲ့’ ဆိုတာ ‘မကောင်းတဲ့အမှုတွေ မလုပ်မိစေနဲ့’လို့ ပြောလိုတာ။ အဲဒီအမှားကို လုပ်မိပြီဆိုလို့ရှိရင် ထိုအမှားကပုံဖော်ပေးလိုက်တဲ့၊ ထိုအမှားကဖြစ်ပေါ်စေတဲ့အကျိုးဟာ အင်မတန်မှ ဆိုးရွားတယ်ဆိုတာ ဝတ္ထုသာဓကနဲ့ကြည့်ရအောင်’လို့ မိန့်ကြားတော်မူပြီး အတိတ်က တစ်ခုသောဘဝမှာ ဆေးဆရာဖြစ်ခဲ့ပြီး ထိုက်သင့်တဲ့ ဆေးဖိုးဝါးခပေးရမှာစိုးလို့ မျက်စိရောဂါသက်သာလာတာကို မသက်သာဘူးဆိုပြီး လိမ်လည်လှည့်ဖြားတဲ့လူနာကို မျက်စိကန်းအောင် ဆေးခတ်ခဲ့မိလို့ ငရဲကျပြီး ဘဝအကြိမ်ကြိမ် မျက်စိကွယ်ခဲ့ရတဲ့အပြင် ယခုနောက်ဆုံးဘဝ ရဟန္တာဖြစ်တဲ့ဘဝမှာပါ မျက်စိကွယ်ခဲ့ရတဲ့ အရှင်စက္ခုပါလမထေရ် ရဲ့ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝမှာ ချုံပုတ်ကြီးအတွင်း နိရောဓသမာပတ်ဝင်စားနေတဲ့ ပစ္စေကဗုဒ္ဓါကို ပထမ မသိလို့၊ နောက်တော့ အစဖျောက်မှုပဲဆိုပြီး စေတနာဆိုးနဲ့ ချုံကိုမီးနဲ့တိုက်၊ ထင်းတွေပုံပြီး မီးဝိုင်းရှို့ခဲ့ကြလို့ မျက်မှောက်ဘဝမှာ မာဂဏ္ဍီမိဖုရားက မီးရှို့သတ်ခဲ့လို့ နန်းပြာသာဒ်ကြီးပါ မီးလောင်ပြီး အခြံအရံ ၅၀၀ နဲ့အတူ မီးလောင်သေဆုံးခဲ့ရတဲ့ ဥတေနမင်းကြီးရဲ့မိဖုရား သာမာဝတီရဲ့ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝမှာ သူဌေးသမီးဖြစ်စဉ် အနားမှာ ခိုင်းစရာလူမရှိတော့ ရင်းနှီးတဲ့ ရဟန္တာဘိက္ခုနီမကို ခိုင်းမိတဲ့အပြင် တစ်ခုသောဘဝမှာ ခါးလေးနည်းနည်းကုန်းနေတဲ့ ပစ္စေကဗုဒ္ဓါကို ‘တို့ပစ္စေကဗုဒ္ဓါက ဟောလိုလေး ကွတာ’ဆိုပြီးတော့ ခါးလေးကုန်းပြီး ရယ်စရာလုပ်ပြခဲ့မိလို့ မျက်မှောက်ဘဝမှာ အလွန်ပညာထက်ခဲ့ပေမယ့်လည်း ခါးကုန်းပြီး ကျွန်မဖြစ်ခဲ့ရတဲ့ ခုဇ္ဇုတ္တရာရဲ့ဘဝဇာတ်ကြောင်း။

အတိတ်ဘဝက ဉာဏ်လေးတဲ့ ကိုယ်တော်ကို လှောင်ပြောင်ခဲ့တဲ့ မကောင်းမှုကြောင့် မျက်မှောက် ရဟန္တာဖြစ်မယ့်ဘဝမှာ ဂါထာလေးတစ်ပုဒ်ကို လေးလကျက်တာတောင်မရဖြစ်ခဲ့ရတဲ့ ရှင်စူဠပန္ထကရဲ့ ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝ ငှက်မုဆိုးဖြစ်စဉ်အခါမှာ ငှက်အရှင်တွေကို မပျံနိုင်အောင် ခြေထောက်တွေ၊ အတောင်ပံတွေချိုးထားခဲ့တဲ့ မကောင်းမှုဒုစရိုက်ကြောင့် မျက်မှောက် ရဟန္တာဖြစ်တဲ့ ဘဝမှာတောင် တစ်ကိုယ်လုံး အနာတွေပေါက်ပြီး ပုပ်ပွ၊ ပေါင်ကျိုးဖြစ်ခဲ့ရတဲ့ ရှင်ပူတိဂတ္တတိဿမထေရ်ရဲ့ ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝ ကျောင်းထိုင်ဘုန်းကြီးဖြစ်စဉ်အခါမှာ အာဂန္တုရဟန္တာတစ်ပါးအပေါ် မနာလိုဝန်တိုစိတ်နဲ့ ကျောင်းဒကာအထင်မှားအောင် မှားယွင်းတဲ့ လုပ်ရပ်တွေ အမျိုးမျိုးကျူးလွန်ခဲ့မှုကြောင့် ရဟန္တာဖြစ်မယ့် မျက်မှောက်ဘဝမှာတောင် မစင်စားရတဲ့ ဘဝရောက်ခဲ့ရတဲ့ ဇမ္ဗုကရဲ့ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝမှာ ဇနီးသည်အမျိုးသမီးလုပ်သူက ရဟန္တာတစ်ပါးကို ‘ကြည့်၊ ကိုယ်တော်ကြီးက ပြုံးတယ်၊ ဇာတ်သမားနဲ့တူတယ်’လို့ပြောလိုက်တာကို ‘အေး၊ ဟုတ်မှာပေါ့ကွာ’လို့ ပြောလိုက်မိလို့ မျက်မှောက်ဘဝမှာ သူဌေးသားဖြစ်လျက်သားနဲ့ ကချေသည် ဇနီးနောက်လိုက်ရင်း ဇာတ်သမားဖြစ်သွားရတဲ့ ဥဂ္ဂသေနရဲ့ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝ ရွှေပန်းထိမ်သည်ဖြစ်စဉ်အခါက ဇနီးသည်နဲ့ စကားများစိတ်ဆိုးနေခိုက် သူတာဝန်ယူထားခဲ့တဲ့ ကဿပဘုရားရဲ့ စေတီတော်တည်ဆောက်ပြီးစီးရေးအတွက် လှူဒါန်းဖို့ လာရောက်နိုးဆော်တဲ့ ရဟန္တာတစ်ပါးကို ‘ကိုယ်တော်တို့ဘုရားကို ရေထဲသာမျှောပစ်လိုက်’လို့ ပြောခဲ့မိတဲ့အပြစ်ကြောင့် မျက်မှောက်ဘဝမှာ အလွန်ထင်ရှားတဲ့ သူဌေးကြီးမဖြစ်ခင် မွေးမွေးချင်း အိုးထဲထည့်ပြီး မြစ်ထဲမျှောခံခဲ့ရရှာတဲ့ ဗဒ္ဓိလသူဌေးကြီးရဲ့ ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝ နတ်သားဖြစ်စဉ်အခါမှာ အင်မတန်ရင်းနှီးပြီး အမြဲတမ်း ပူးတွဲပူးတွဲ သွားလာလေ့ရှိတဲ့ ရဟန်းတော်နှစ်ပါးကို စိတ်ဝမ်းကွဲအောင် တစ်ပါးသော ရဟန်းတစ်ပါးအနီးမှာ အမျိုးသမီးပုံရိပ်ယောင်ဖန်တီးပြပြီး တစ်ပါးနဲ့တစ်ပါးအချင်းများပြီး ကွဲသွားအောင်လုပ်ခဲ့တဲ့ မကောင်းမှုကြောင့် မျက်မှောက်ရဟန်းဘဝမှာ သွားလေရာ သူ့နောက်မှာ အမျိုးသမီးပုံရိပ်က ထင်ဟပ်ပေါ်နေပြီး ပရိသတ်ကြားမှာ အထင်မှားခံရ၊ လှောင်ပြောင်ခံရနဲ့ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရတဲ့ ရှင်ကောဏ္ဍဓာနရဲ့ ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝမှာ ဘုရားကို ပန်းတင်တဲ့ခုံပေါ်ကို မရိုမသေ မလေးမစားလုပ်ပြီး ဖိနပ်စီးခဲ့လို့ မျက်မှောက်ဘဝမှာ ခြေဖဝါးကို ဓားနဲ့ခွဲခံရပြီး အသတ်ခံခဲ့ရတဲ့ ဗိမ္ဗိသာရမင်းကြီးနဲ့ တစ်ခုသောဘဝမှာ သူများကို အစားအစာနဲ့ပတ်သက်ပြီး ပိတ်ပင်ခဲ့လို့ မျက်မှောက်ဘဝမှာ ရဟန္တာဖြစ်သည့်တိုင်အောင် ငတ်ငတ်ပြတ်ပြတ်နဲ့ ဝအောင်မစားရဘဲ ပရိနိဗ္ဗာန်စံမယ့်နေ့မှ ဝအောင်စားလိုက်ရတဲ့ အရှင်လောကတိဿမထေရ်ရဲ့ ဘဝဇာတ်ကြောင်းတွေကို ဝတ္ထုသာဓကအဖြစ်ထုတ်ဆောင်ပြီး ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူခဲ့ပါတယ်။

## သတိသံဝေဂဉာဏ်ပွားများနိုင်ဖို့ ဟောကြားတော်မူ

တစ်ဆက်တည်းမှာပဲ ပါမောက္ခချုပ် ဆရာတော်ကြီးက မှားမှားယွင်းယွင်း တစ်ခုခုလုပ်ခဲ့မိလို့ခံရတဲ့ အကျိုးဆက်နဲ့ပတ်သက်ပြီး “ဒီနေရာမှာ တရားချစ်ခင်သူတော်စင် ပရိသတ်တို့ဟာ စဉ်းစားမိလိမ့်မယ်။ သူ့မျက်လုံးတစ်လုံးပဲ ကန်းအောင်လုပ်ခဲ့တာ၊ ကိုယ့်ကျတော့ ဘာကြောင့်အကြိမ်ကြိမ်ကန်းရတုံးလို့၊ စေတနာစွမ်းအားတွေက နည်းတာမဟုတ်ဘူး။ ဆိုပါစို့၊ သရက်စေ့လေးတစ်စေ့ကို စိုက်လိုက်တာ အပင်ဖြစ်လာတဲ့အခါကျတော့ သရက်သီးက ထောင်သောင်းမကသီးတာ မဟုတ်လား။ အဲဒီမျိုးလိုပဲ ကိုယ့်လုပ်ရပ်ကလေးဟာ တစ်ခုပဲဖြစ်စေ စေတနာတွေက မြောက်မြားစွာဖြစ်သည့်အတွက်ကြောင့် စေတနာတစ်ခု အကျိုးတစ်ခုပေးတာ၊ စေတနာ တစ်ခုကြောင့် ငရဲကျတယ်။ နောက်စေတနာတစ်ခုကြောင့် မျက်စိကွယ်ရတယ်ဆိုတော့ မျက်စိပေါင်း မြောက်မြားစွာ ကွယ်ရတယ်ဆိုတဲ့ အကျိုးခံစားရတာပေါ့။ အေး၊ ဒါကြောင့်မို့ သံသရာခရီးသွားနေတဲ့အချိန်မှာ အမှားမလုပ်မိစေဖို့ သတိထားကြရမယ်” လို့ သံသရာခရီးသွားတို့ပုထုဇဉ်လူသားတွေ သတိသံဝေဂဉာဏ်ပွားများနိုင်ဖို့ ဟောကြားတော်မူခဲ့ပါတယ်။

ကျေးဇူးတော်ရှင်အဘိဓဇ စံကင်းဆရာတော်ဘုရားကြီးကလည်း ကံတရားနဲ့ပတ်သက်ပြီး “တစ်ခါတစ်ခါစဉ်းစားကြည့်ရင် ကံတရားဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့လူတွေ တစ်ယောက်နဲ့ တစ်ယောက် မတူအောင်စီမံထားတယ်။ တူတဲ့နေရာ တူပေမယ့် မတူတဲ့ အရာတွေက အများကြီးရှိတယ်။ ဒါကြောင့် ဘုရားရှင်က ‘ကမ္မံ သတ္တေဝိဘဇတိ’လို့ ဟောတော်မူတာပဲ။ မိမိကိုယ်ကို မကောင်းအောင်လုပ်တာဘယ်သူလဲ။ မိမိအလုပ်ကိစ္စ မိမိကံပဲ။ ဒါကြောင့် မကောင်းကျိုးကိုဖြစ်စေတတ်တဲ့ မိမိရဲ့ ကံညံ့ကံယုတ်များကိုသာ ကြောက်စရာလိုတယ်”လို့ ဆုံးမမိန့်ကြားတော်မူခဲ့ပါတယ်။

မောင်မြင့်အေးရေ ...

တစ်ခုသောဘဝမှာ အိမ်ကိုလာလည်တဲ့ ခင်ပွန်းရဲ့မိတ်ဆွေတွေကို ဧည့်ခံကျွေးမွေးဖို့ အမဲဟင်းလျာဝယ်မရတာနဲ့ အိမ်မှာမွေးထားတဲ့ သိုးမတစ်ကောင်ကို လည်ဖြတ်ပြီး ချက်ပြုတ်ကျွေးမွေးခဲ့တဲ့ မကောင်းမှုကြောင့် ငရဲကလွတ်တဲ့အခါမှာတောင် ဒီမကောင်းမှု ကံရဲ့အကျိုးဆက်ကြောင့် သိုးမရဲ့ အမွေးအရေအတွက်အတိုင်း ခေါင်းဖြတ်အသတ်ခံခဲ့ရတဲ့ မလ္လိကာမိဖုရားကြီးရဲ့ ဘဝဇာတ်ကြောင်းကလည်း သံဝေဂယူစရာပဲနော်။

## သတိကြပ်ကြပ်ထားဖို့လိုတယ်

ဒါကြောင့်မို့ သံသရာခရီးသွားတို့ ပုထုဇဉ်လူသားတွေအဖို့ မိုက်မဲသည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် မှားမှားယွင်းယွင်းမကောင်းတဲ့အလုပ်တွေကို ကိုယ်တိုင်လည်း မလုပ်မိကြစေဖို့၊ အလိုတူအလိုပါ၊ တိုက်တွန်းနှိုးဆော်စေခိုင်းခြင်းလည်း မပြုမိစေဖို့ သတိကြပ်ကြပ်ထားဖို့ လိုတယ်ကွယ့်။

“ဆိုးယုတ်စရိုက်၊ သူမိုက်ကျင့်ရာ၊ ကံဆယ်ဖြာတွင်၊ ပါဏာတိပါတ်၊ သက်သတ်အမှု၊ ကိုယ်လိုပြုနှင့်၊ ပြုဟုသူက၊ တိုက်တွန်းကြ၍၊ ပြုရသောသူ၊ လိုတူသောအား၊ မြစ်နိုင်ငြားလျက်၊ မတားမြစ်သူ၊ သုံးယောက်လူတွင် သတ်သူနိရယ၊ ငရဲကျ၍၊ သူက ခေါ်ရာ၊ ပါသူမှာမူ တိရစ္ဆာန၊ ဖြစ်ထမများ၊ လိုတူအားဖြင့်၊ မတားမြစ်သူ၊ ထိုလူမှာတုံ၊ ပြိတ္တာဘုံဟု၊ အာဂုံဖွင့်လှစ်၊ ထူးအပြစ်ကို၊ စင်စစ်မှန်စွာ၊ ကျမ်းရိုးလာ၏” စသည်ဖြင့် “ပြုသူစေသူ၊ အလိုတူ၊ မှတ်ယူကံသုံးဆယ်” ဆိုပြီး မာဃဒေဝကျမ်းမှာလည်း ဖွဲ့ဆိုခဲ့တယ်မဟုတ်ပါလား။ ။

> **“ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်၊ ကောင်းမှု၊ မကောင်းမှု ဒီနှစ်ခုကို ဘာနဲ့စံပြုပြီး ခွဲခြားရတုံးဆိုရင် မြတ်စွာဘုရားက ‘လုပ်ပြီးတဲ့အခါမှာ ပူပန်နေရတဲ့အလုပ်’မျိုး။ လုပ်မိတာ မှားလေခြင်းလို့ စိတ်ပူပန်ရတဲ့အလုပ်မျိုးကို ‘မကောင်းတဲ့အလုပ်’လို့ ခေါ်တယ်။ အလုပ်တစ်ခုကို လုပ်မိပြီးတဲ့နောက်မှာ ဘယ်အလုပ်ပဲဖြစ်ဖြစ် အကျိုးဆိုတာ ပေါ်လာတတ်တယ်။ ကိုယ်လုပ်တဲ့အလုပ်တစ်ခု စိတ်ထဲကတွေးတာပဲဖြစ်စေ၊ နှုတ်က ထုတ်ဖော်ပြောတာပဲဖြစ်စေ၊ ကိုယ်ထိလက်ရောက်လုပ်တာပဲဖြစ်စေ ထိုလုပ်ရပ်ရဲ့ အကျိုးသက်ရောက်မှုက ပေါ်လာမှာပဲ။ အဲဒီလိုပေါ်လာတဲ့အခါ ‘ရလာတဲ့ အကျိုးတရားကို ငိုငိုရယ်ရယ် ကြိတ်မှိတ်ပြီး ခံစားရမယ့် အလုပ်မျိုးဟာ မကောင်းတဲ့အလုပ်’တဲ့”**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၆၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၆၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၄၁ ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၈၈၉၇၉ ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၆၁၄၂၄၀ ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၁၈ ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း ၅၉၃၀၃၆ ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၄ ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသားကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၄၅) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၇) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၆) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၅၄) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၅) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၃၉၈) ခု | (၂) ဦး |
| စုစုပေါင်း | (၆,၅၆၅) ခု | (၂၇) ဦး |

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၀၂၄၉၂၅ | ၉၈၁၆၉၄၀၁ | ၁၀၅၉၂၁၀ |
| ၂။ | အိန္ဒိယ | ၄၄၁၇၄၆၅၀ | ၄၃၅၁၆၀၇၁ | ၅၂၆၇၇၂ |
| ၃။ | ပြင်သစ် | ၃၄၀၇၉၆၅၈ | ၃၃၀၁၅၇၈၈ | ၁၅၂၇၁၁ |
| ၄။ | ဘရာဇီး | ၃၄၀၃၅၇၈၀ | ၃၂၇၉၀၂၉၄ | ၆၈၀၂၃၉ |
| ၅။ | ဂျာမနီ | ၃၁၃၀၇၀၂၀ | ၂၉၇၅၂၆၀၀ | ၁၄၅၀၂၈ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၉၁၀၄၁၉ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၃၂၅၄၀၂ | ၂၀၀၉၇၉၈၆ | ၁၇၃၂၄၉ |
| ၈။ | တောင်ကိုရီးယား | ၂၀၆၉၄၂၃၉ | ၁၉၀၅၂၃၆၇ | ၂၅၃၃၂ |
| ၉။ | ရုရှား | ၁၈၇၄၆၈၈၆ | ၁၈၀၆၁၁၆၈ | ၃၈၂၈၄၆ |
| ၁၀။ | တူကီယဲ | ၁၆၂၉၅၈၁၇ | ၁၅၈၇၅၁၂၁ | ၉၉၆၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၅၁၅၆၃ | ၉၉၉၁၈၆၅ | ၄၃၀၉၄ |
| ၂။ | အင်ဒိုနီးရှား | ၆၂၅၅၆၇၉ | ၆၀၄၇၅၀၇ | ၁၅၇၁၃၁ |
| ၃။ | မလေးရှား | ၄၇၁၁၄၁၅ | ၄၆၃၁၅၀၈ | ၃၆၀၃၂ |
| ၄။ | ထိုင်း | ၄၆၀၉၄၀၆ | ၄၅၅၆၇၉၆ | ၃၁၆၆၆ |
| ၅။ | ဖိလစ်ပိုင် | ၃၈၁၀၇၇၂ | ၃၇၁၃၂၄၂ | ၆၀၈၆၄ |
| ၆။ | စင်ကာပူ | ၁၇၆၃၁၁၆ | ၁၆၇၅၈၃၃ | ၁၅၄၁ |
| ၇။ | မြန်မာ | ၆၁၄၂၄၀ | ၅၉၃၀၃၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၉၄၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၀၈၁ | ၁၃၃၇၆၁ | ၃၀၅၆ |

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှု

ရေတာရှည် ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ - ၂၀၂၃ ခုနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁၀ သိန်းဖြင့် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း၊ ခရိုင်ချင်းဆက်လမ်းနှင့်ထိစပ်လျက်ရှိသည့် ကျွဲရိုင်းပြင်ကျေးရွာအုပ်စု ရေလွှဲကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်း ရှေ့ပြေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများက ကျေးရွာတွင်းမှ လောကမာန်အောင်ဘုန်းတော်ကြီးကျောင်းနှင့် ရေလွှဲရေတံခွန်သို့သွားရာလမ်း အရှည်ပေ ၃၇၀၀၊ အကျယ်၁၂ ပေ၊ ဒု ၆ လက်မရှိ ကျောက်ရောမြေခင်းခြင်း ရှေ့ပြေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုခဲ့ရာ ကျေးရွာကော်မတီဝင်များက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါရေလွှဲကျေးရွာ၏ အရှေ့ဘက်တွင် ကျောက်တုံးကျောက်ဆောင်များအကြား စီးတန်းနေသော ရေတံခွန်များရှိသည်ဖြစ်၍ နွေရာသီကာလတစ်လျှောက် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာရောက်လည်ပတ်သူများပြားပြီး ကျောက်ချောလမ်းပြီးစီးသွားပါက ရေတံခွန်ကျောက်တောင်ခြေဘုရားအထိ အဆင်ပြေစွာ သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။



ကိုလွင်(ဆွာ)

# မလေးရှားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၈ ရာခိုင်နှုန်းကျဆင်း



**ကွာလာလမ်ပူ ဩဂုတ် ၉**


မလေးရှားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဇွန်လအတွင်းက ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်းနှင့် ယင်းသို့ အလုပ်လက်မဲ့နှုန်း ကျဆင်းမှုသည် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်း အလုပ်လက်မဲ့နှုန်း ကျဆင်းမှု အနိမ့်ဆုံးဖြစ်ကြောင်း ဩဂုတ် ၉ ရက်တွင် ဖော်ပြထားသည့် တရားဝင်အချက်အလက်များအရ သိရသည်။

မလေးရှားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းအရေအတွက်သည် မေလအတွင်းက ၆၃၇၇၀၀ ရှိခဲ့ပြီး ဇွန်လတွင် အလုပ်လက်မဲ့အရေအတွက် ၆၃၀၆၀၀ ရှိခဲ့ခြင်းကြောင့် ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းမှုဖြစ်ပေါ်ခဲ့ကာ အလုပ်လက်မဲ့အရေအတွက်သည် ၁၁ လဆက်တိုက် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း မလေးရှားနိုင်ငံ စာရင်းအင်းဌာနက ပြောသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ အလုပ်အကိုင်ရရှိသူအရေအတွက်သည် မေလအတွင်းက ၁၅ ဒသမ ၉ သန်းရှိခဲ့ရာမှ ဇွန်လတွင် ၁၅ ဒသမ ၉၅ သန်းရှိခဲ့ခြင်းကြောင့် သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်မှု ရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းခွဲနီးပါးအထိ စံချိန်တင်ပြန်လည်မြင့်တက်လာ

**ဆိုးလ် ဩဂုတ် ၉**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၈၉၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် စံချိန်တင်ပြန်လည်မြင့်တက်လာခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၆၉၄၂၃၉ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၅၈၈ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀ ထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူပေါင်း ၂၅၃၃၂ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အစ္စရေးနိုင်ငံ၌ တစ်လအတွင်း ပြည်ပမှ ခရီးသည်ဝင်ရောက်မှု အမြင့်ဆုံးဖြစ်ခဲ့

**ဂျေရုဆလင် ဩဂုတ် ၉**

အစ္စရေးနိုင်ငံတွင် ယခုနှစ် ဇူလိုင်လအတွင်း ကမ္ဘာလှည့်ခရီးသည် ၂၄၉၉၀၀ လာရောက်ခဲ့ပြီး ၎င်းအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန် ၂၀၂၀ ပြည့်နှစ်မှစတင်ရေတွက်က တစ်လအတွင်း အရေအတွက် အမြင့်ဆုံးဖြစ်ကြောင်း စာရင်းအင်းဗျူရိုက ပြောသည်။ ယခုနှစ်အစပိုင်းတွင် နိုင်ငံအတွင်းသို့ ခရီးသည် ၁ ဒသမ ၂၆ သန်း လာရောက်ခဲ့ပြီး ၎င်းအရေအတွက်သည် ပြီးခဲ့သည့်နှစ်အစပိုင်းက ဝင်ရောက်သူ ၁၅၆၂၀၀ ထက် ရှစ်ဆများပြားကြောင်း သိရသည်။

သို့ရာတွင် ယခုဝင်ရောက်ခဲ့သည့် တစ်လအတွင်း ခရီးသည်ဝင်ရောက်သူအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမဖြစ်မီကာလက တစ်လအတွင်းဝင်ရောက်သူ ၃၄၃၈၀၀ ထက် နည်းပါးကြောင်း သိရသည်။ အစ္စရေးနိုင်ငံသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှစတင်၍ နိုင်ငံတကာမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးသူများနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူခရီး သည်များအား ပြည်တွင်းသို့ ဝင်ရောက်ခွင့်ပေးခဲ့သည်။ ဇူလိုင်လအတွင်း ပြည်ပသို့ ခရီးသွားရောက်သည့် အစ္စရေးနိုင်ငံသားအရေအတွက်မှာ တစ်သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**




# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၀၀၀ အောက်ကျဆင်း

**နယူးဒေလီ ဩဂုတ် ၉**

အိန္ဒိယနိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ဩဂုတ် ၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၀၀၀ အောက်ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၇၅၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၁၇၄၆၅၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၃၁၈၀၇ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြစ်ပွား သေဆုံးသူပေါင်း ၅၂၆၇၇၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၆၃ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၉**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၆၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၄၇၁၁၄၁၅ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် နှစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၈၆၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ခြောက်ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြစ်ပွား သေဆုံးသူပေါင်း ၃၆၀၃၂ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၇၅၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၆၃၁၅၀၈ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ထိန်းချုပ်ဓာတုပစ္စည်း၊ စက်လှေနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



ရန်ကုန်တိုင်းဒေသကြီး ထီးတန်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဩဂုတ် ၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၅၉၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၁၂၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၉၁၂၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ထီးတန်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လုပ်ငန်းသုံးစက်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၁၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မိုးညှင်းမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ၁၉၅၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၅၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က ဖျာပုံမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ချောင်းသာဘိနယ်၊ ချောင်းသာကြိုးဝိုင်းအတွင်းတို့၌ တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၇၂၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၈၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဖျာပုံမြို့နယ် အမှတ်(၂) ရပ်ကွက် ချောင်းတွင်းကျေးရွာ၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၀၄၈၆)**ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျွဲခရုံကျေးရွာအုပ်စု ချောင်းနှစ်ပွာချောင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၀၉၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၈၉၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် သစ်သားကိုယ်ထည်စက်လှေတစ်စင်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၈၉၀ )**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဩဂုတ် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်းအတွင်း တရားမဝင်ပျဉ်းကတိုးခွဲသား သုည ဒသမ ၅၂၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၈၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ **အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၀၂၆၃၇၆ )** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူ လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၉

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် တနိုင်းမြို့နယ်နေ ဒေါ်ရှီးမာဆာ(ခ) ဒေါ်ပိုက်က လိပ်စာတူနေ မ --- ၃၁ နှစ်ကို လီဆူအမျိုးသားတစ်ဦးနှင့် အိမ်ထောင်ချပေးမည်၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ လာရောက်တောင်းရမ်းမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသား လင်ကျီးယဲ့ထံရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် တနိုင်းမြို့မရဲစခန်းက (ပ) ၄/ ၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြစ်ကြီးနားခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဩဂုတ် ၅ ရက်တွင် တရားခံ ဒေါ်ရှီးမာဆာ(ခ)ဒေါ်ပိုက်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဖျာပုံမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲကျင်းပ

ဖျာပုံ ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ကြီးမှူးဖွင့်လှစ်သော ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဖျာပုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖျာပုံခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥက္ကဋ္ဌ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အမှာစကားပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဒုတိယဥက္ကဋ္ဌ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဖျာပုံမြို့ အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အဆိုပါသင်တန်းသို့ ဖျာပုံခရိုင်အတွင်းရှိ ရပ်/ကျေးစာရေးများ၊ မီးသတ်တပ်ဖွဲ့၊ လဝက၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီအသင်းတို့မှ သင်တန်းသား သင်တန်းသူ ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၉ ရက်မှ ၁၁ ရက်အထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**၂၀၇**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ရဲအောင်(ခ)ဆံရှည်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် မွန်းတည့် ၁၂ နာရီတွင် မိုးကုတ်မြို့ မြို့မရပ်ကွက်၌ ရဲအောင်(ခ)ဆံရှည် မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ တို့ကို လည်းကောင်း၊ ထိုနေ့ညနေ ၄ နာရီခွဲတွင် နောင်ချိုမြို့ မန္တလေး-လားရှိုးသွားကားလမ်းရှိ အိုရီယမ်တယ်တိုးဂိတ်အနီး၌ သိန်းဟုန် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၈၀၀ ကို လည်းကောင်း။

ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် သီပေါမြို့နယ် ပန်စောက်မိန်းကျေးရွာရှိသီပေါတံတားအနီး၌ ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် မချိုသဲဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ချောင်းဦးမြို့နယ် ၌ PDF အမည်ခံ အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်စဉ် လူမှုကူညီရေးယာဉ်များအား ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ၁၀-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“သေတဲ့သူကသေပြီး ဘယ်သူသေသေ ကိုယ်မာဖို့ပဲလုပ်နေသော ငတေများ”** နှင့်ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၉

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---


## "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ် ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်း ချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နေ မင်းကိုဦးသည် ၎င်းအသုံးပြုသည့် "Min Ko Oo" Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သိရုံအသိမှ ပညာဉာဏ်အရှိဆီသို့

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

"လူဆိုတာ ရည်မှန်းချက်နဲ့ အသက်ရှင်နေရတာ၊ မျှော်လင့်ချက်နဲ့ဘဝဆက်နေရတာ" ဆိုတဲ့ စကားကို အတော်များများ ပြောကြ၊ ဆိုကြပါတယ်။ လောကအသုံးအနှုန်းစကားပေါ့။

ဟုတ်ပါတယ်။ ဆန္ဒဆိုတဲ့စကားဟာ ပါဠိစကားပါ။ မြန်မာမှုနယ်ပယ်မှာတော့ နေရာတကာမှာအသုံးများလာတဲ့အတွက် မြန်မာစကားသဖွယ် ဖြစ်နေပါပြီ။ ဒီ"ဆန္ဒ" ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ဟာ ကျယ်ဝန်းလှပါတယ်။

"ငါဖြစ်ချင်တဲ့ဆန္ဒ"၊ "ငါ့ဆန္ဒ ရည်မှန်းချက်"၊ နောက်ပြီး "မျှော်လင့်ချက်"၊ "ရည်ရွယ်ချက်"၊ "စိတ်ကူး"၊ "အသက်ရှင်ရေး"၊ "ဘဝဆက်ရေး"၊ "အောင်မြင်မှု" စတဲ့ စကားလုံးတွေဟာ ဆန္ဒဆိုတဲ့ စကားလုံးရဲ့ လောင်းရိပ်အောက်မှာပဲ ရှိနေတတ်ကြသလို ဒါမှမဟုတ် တစ်မျိုးမဟုတ် တစ်မျိုးတော့ ဆက်သွယ်နေကြတာပါပဲ။

ဖြစ်ချင်တာဟာ ဆန္ဒ၊ ရချင်တာဟာ ဆန္ဒ၊ ဒု့ါအပြင် မပျောက်မပျက်စေချင်တာ၊ ကာကွယ်စောင့်ရှောက်ချင်တာ၊ အောင်မြင်တိုးတက်ချင်တာ၊ ပြည့်စုံချမ်းသာချင်တာ ဆိုတာတွေဟာလည်း ဆန္ဒတွေပါပဲ။

အကုသလစ္ဆန္ဒ၊ ကုသလစ္ဆန္ဒဆိုတဲ့ အပြစ်ရှိပြီး မကောင်းကျိုးရနိုင်တာမျိုးကို လိုချင်တဲ့ဆန္ဒရှိသလို အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာရနိုင်တာမျိုးကို အလိုရှိတဲ့ ဆန္ဒမျိုးလည်း ရှိကြပါတယ်။

ကာမစ္ဆန္ဒ၊ ဓမ္မစ္ဆန္ဒဆိုတဲ့ ဝတ္ထုအာရုံကာမဂုဏ်တွေကိုရလိုတဲ့ ကိလေသာအဖွဲ့ဝင်ဆန္ဒနဲ့ အေးငြိမ်းမှု၊ ချမ်းသာမှု၊ သန့်ရှင်းမှုတွေကို လိုလားတဲ့ဆန္ဒမျိုးလည်း ရှိတတ်ကြပါသေးတယ်။

ဒီနေရာမှာ လိုချင်မှု၊ ရချင်မှုဆိုတဲ့ဆန္ဒကို အကြောင်းပြုပြီး အားစိုက်ထုတ်ဆောင်ရွက်မှုဆိုတဲ့ ကမ္မအလုပ်တွေလည်း ပေါ်ပေါက်လာစေပါတယ်။

လောကကြီးမှာ မိမိရဲ့ဆန္ဒဟာ ကောင်း၊ မကောင်း ပြန်လှန်ပြီး ချင့်ချိန်တတ်ကြဖို့ လိုအပ်ပါတယ်။ မိမိရဲ့ လိုအင်ဆန္ဒဟာ ကောင်းပါတယ်၊ ရည်ရွယ်ချက်ဟာ ကောင်းပါတယ်ဆိုတဲ့ အခြေအနေကို ရောက်ခဲ့ရင် ကမ္မဆိုတဲ့အလုပ်လည်းပဲ ဆန္ဒအလျောက် အကောင်းဖြစ်ဖို့ လိုအပ်ပါတယ်။ ကမ္မအလုပ်ထဲမှာ ကာယကံ၊ ဝစီကံ၊ မနောကံ–ကိုယ်၊ နှုတ်၊ စိတ် အလုပ်သုံးမျိုးစလုံး ကောင်းကြဖို့ဟာ အခြေခံမူလစိတ်ကောင်းဖြစ်ဖို့ပါပဲ။

စိတ်ကောင်းဖြစ်ဖို့၊ ကောင်းတဲ့ကံအလုပ်ဖြစ်ဖို့ စိတ်နဲ့ သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာတွေနဲ့ အမြဲပေါင်းသင်းနေတဲ့စိတ် ဖြစ်နေရပါမယ်။

ခက်တော့လည်း ခက်သားပါကလား။

ဖြစ်ချင်တဲ့ဆန္ဒကတစ်မျိုး လုပ်နေရတဲ့အလုပ်က တစ်မျိုး၊ ဖြစ်လိုတဲ့ဆန္ဒကတစ်မျိုး လုပ်နေမိတဲ့အလုပ်က တစ်မျိုးဆိုတာတွေက ခဏခဏကြုံတွေ့ရပါတယ်။

လောက၊ စီးပွား၊ လူမှုရေးစတဲ့ အရေးတွေမှာ ဆန္ဒတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်နေရင် အကျိုးလွဲတတ်ပါတယ်။ အကျိုးနည်းတတ်ပါတယ်။

ဒီလိုသာဆိုရင်

"အရှင်ဘုရား၊ တပည့်တော်က လူစိမ်းသက်သက်ပါ။ တရားနဲ့မတွေ့ဖူး၊ မကြုံဖူးပါဘူးဘုရား၊ အဲဒါ တရားနဲ့တွေ့ဖူး၊ ကြုံဖူးချင်လို့ တရားအားထုတ်နည်း အစကစပြီး တပည့်တော်နားလည်အောင် ပြောပေးပါဘုရား"

"အမယ်လေး.... တယ်ပြီး စကားတတ်လှပါကလား။ တရားနဲ့ တွေ့ဖူး၊ ကြုံဖူးချင်လို့တဲ့၊ အစကစပြီး အားထုတ်နည်းတဲ့။ ကဲ... တရားဆိုတာ ဘာလဲ။ လောကကြီးဟာ တရားပေါ့။ တရားအသိတွေ တိုးပွားစေနိုင်တဲ့ အာရုံတရားပေါ့။ လောကအကြောင်းကို နိစ္စဓူဝတွေ့ကြုံနေကြတဲ့ ဒကာကြီးတို့မှာ အာရုံတရားတွေနဲ့ တွေ့ဖူး၊ ကြုံဖူးကြတာပဲပေါ့။ ကဲ... ဒီလိုပဲ စကားတတ်တဲ့ဒကာကြီးကို ပြောလိုက်တော့မယ်"။

"အဲဒီလိုဆိုလည်းဘုရား၊ တပည့်တော်က အာရုံတရားတွေကို တွေ့ဖူး၊ ကြုံဖူးပါတယ်။ အသိဉာဏ်တရားတွေနဲ့ မဆုံဖူးပါဘူးဘုရား။ အဲဒါ မြန်မြန်ဆုံအောင်၊ အသိဉာဏ်တွေမြန်မြန်ပေါ်အောင် တရားဟောပေးတော်မူပါဘုရား"

"အမယ်လေး... ဦးပဉ္စင်းစကားနဲ့ ဦးပဉ္စင်းကို ပြန်ပြောနေတာပါလား။ ကဲ... ဒီလိုဆိုရင် တရားက အချိန်ပေးပြီး အားထုတ်ချင်တာလား၊ သီးခြားအချိန်မပေးဘဲ အားထုတ်ချင်တာလား"

"ဟာ.. သီးခြားအချိန်မပေးဘဲ အားထုတ်လို့ရရင် ပိုပြီးကောင်းတာပေါ့ဘုရား"

"ကဲ. . ဒီလိုဆိုရင် နားထောင်"

"ဟင်.. အရှင်ဘုရားက ဘာမျှလည်း မပြောဘဲနဲ့ နားထောင်တဲ့၊ တပည့်တော်က နားထောင်နေတာပဲ။ အရှင်ဘုရားက ဘာစကားမျှ မပြောတော့၊ ဘာမျှ မကြားဘူးပေါ့"

"ဒကာကြီး၊ ဦးပဉ္စင်းက ဒီလိုဆိုရင် နားထောင်လို့ ပြောလိုက်ပြီး ရပ်ထားလိုက်တော့ ဒကာကြီး မကြားတာလား။ နားမထောင်တာလား"

"နားထောင်တာပေါ့ ဘုရား။ မကြားတာ"

"ဟုတ်ပြီ။ နားထောင်နေ၁။ မကြားတာက ဦးပဉ္စင်းစကားပြောတဲ့အသံကို မကြားတာလား။ ဘေးက အခြားအသံတွေကိုပါ မကြားတာလား"

"ဟာ... အရှင်ဘုရားရဲ့စကားကို နားထောင်ဆိုတော့ စကားသံကို နားထောင်တာပေါ့။ စကားသံကို မကြားတာပါ။ အခြားအသံတွေကိုတော့ ကြားတာပေါ့"

"ဒါ. . မေးလို့ဖြေတဲ့သဘောလား၊ သေချာသိလို့လား"

"သေချာသိတာပေါ့ဘုရား၊ တပည့်တော်ကသာ အရှင်ဘုရားရဲ့စကားသံကို နားထောင်တာ၊ ဂရုစိုက်တာ၊ ဒါပေမဲ့ တပည့်တော်ရဲ့စိတ်က ဘာအသံတွေဖြစ်ဖြစ် ရှိနေတဲ့အသံတွေကို ကြားနေရတယ်လေ"

"အဲဒီလို ကြားရင် ဦးပဉ္စင်းရဲ့ စကားသံရော"

"ဟာ... ဒါတော့ မကြားပါဘူး၊ ရှိမှမရှိတာ"

"အသံကို မကြားတာလား၊ အသံမရှိဘူး၊ မပြောဘူးလို့ သိတာလား"

"ဟာ... ဟုတ်လိုက်လေ ဘုရား၊ စကားသံမရှိတာ၊ မပြောတာကို သိတာ၊ ဟုတ်ပြီဘုရား၊ တပည့်တော်သိပြီဘုရား"

"ဘာသိတာလဲ"

"သြော်.. တပည့်တော်က ကြားချင်နေတာက စကားသံ၊ ဒါပေမဲ့ တခြားအသံအာရုံတွေနဲ့ စိတ်က ဆုံပြီး သိနေတာပဲ၊ တခြားအာရုံရဲ့ သဘောတွေကို ဒီ သိတတ်တဲ့ သဘောတွေက သိနေကြတာပဲ"

"အဲဒီလိုဖြစ်နေတာကို စောစောကတည်းက သိလိုက်တာလား၊ အခုမှ မေးရင်း ဖြေရင်း သိတာလား"

"ဟာ. . စောစောက မသိပါဘူး။ အခုမှ သိတာပါဘုရား၊ စောစောကသာသိရင် အရှင်ဘုရားရဲ့ စကားကို အတင်းစောင့်နားထောင်တာမျိုး၊ နောက်မပြောသေးလို့ သဘောမကျတာတွေမျိုး၊ နောက်စိတ်ကမအေးဆေးတာမျိုးဘယ်အဖြစ်ခံမလဲဘုရား"

"အေးပေါ့၊ ဒကာကြီးက ဉာဏ်ထက်တယ်နဲ့ တူပါတယ်။ တရားအားထုတ်ချိန် သီးခြားမပေးဘဲ ဝိပဿနာတရားအားထုတ်နိုင်ဖို့ နည်းပြပေးလိုက်တာ ချက်ချင်းသဘောပေါက်သွားတာပဲ။ ကဲ.. ကဲ၊ တော်တော်ဟုတ်ပြီပဲ၊ အလုပ်ကိစ္စရှိရင် ပြန်ရောပေါ့"

"ဟာ. အရှင်ဘုရားကလည်း တပည့်တော်ကို ဘာမျှလည်း မသင်ရသေးဘဲနဲ့ 'ဘယ်လိုထိုင်'၊ 'ဘယ်လို လက်ထား'၊ 'မျက်စိမှိတ်'၊ 'အသက်ကို ဘယ်လိုရှူ'၊ 'ဘယ်နားလေးမှတ်' ဆိုတာတွေ တစ်ခုမျှ မပြောရသေးဘူးလေ"

(ဆက်လက်ဖော်ပြပါမည်)



ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၆)

ဦးမင်းဟန်(ဘီအေ)

"ပူစူးမရေ၊ မြေးတို့ကျောင်းစာသင်ခန်းမှာ လုပ်ဆောင်မှုမှန်သမျှတွေကို ကူညီဝန်းရံပေးရမယ်နော်"

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးတို့ ကူညီကြပါတယ်"

ဘိုးလေးကြွက်၏ စကားအဆုံးမှာ မောင်ထူးက ဝင်ပြောရာ ပူစူးမက ချက်ချင်းပြန်ပြောလိုက်သည်။

"မဟုတ်ဘူး ဘိုးလေး၊ မောင်ထူးပြောသလို မဟုတ်ဘူး၊ သူက ဘာမျှကူညီဝန်းရံတာမျိုး ရှိတာမဟုတ်ဘူး။ မြေးတို့တွေကသာ ကူညီညာလုပ်ပေးနေရင် မောင်ထူးက အခြားသူငယ်ချင်းတွေနဲ့ ဆော့နေတာ။ မြေးတို့ကို မမြင်ဟန်ဆောင်ပြီး ဘာဆိုဘာမျှမကူညီဘူး ဘိုးလေး"

"ဟေ ဟုတ်လား မောင်ထူး"

ဘိုးလေးကြွက်က ပြောရင်း မောင်ထူးကို လှမ်းကြည့်လိုက်ရာ မောင်ထူးတစ်ယောက် ခေါင်းကုတ်ကာ အဖြေရခက်နေတော့သည်။ ပြီးမှ မရဲတရဲဖြင့် ပြန်ပြောလာသည်။

"ဒီ ဒီလိုပါ ဘိုးလေး။ အဲဒီနေ့က မြေးက တကယ် မမြင်လိုက်တာပါ။ ရွာတောင်ပိုင်းက ဖိုးထောင်နဲ့ ပုံဆွဲတဲ့ကိစ္စကို ငြင်းခုံနေလို့ပါ။ အရင့်အရင်တွေတုန်းကတော့ ကူညီဝန်းရံတာပါပဲ။ ပူစူးမက အကွက်ဝင်တာနဲ့ မြေးကို တမင်ဆော်လိုက်တာပါဘိုးလေး"

"မောင်ထူးနော် နင်တော့လား။ တစ်ခါတလေ မကူညီတာကိုဘဲ ငါက ပုံကြီးချဲ့ပြောသလိုလိုနဲ့ နင်ကူညီတာက ဆယ်ခါမှ တစ်ခါလောက်ပါဟယ်။ ပြန်စဉ်းစားကြည့်ပါဦး။ ကူညီတာ၊ မကူညီတာကို ပြောလိုတာ မဟုတ်ပါဘူး၊ ဘိုးလေးက ငါ့ကိုမေးတာကို နင်က ကြားထဲကနေ အမှတ်ဝင်ယူလိုက်လို့ အမြင်ကပ်လို့ကို ပြောလိုက်တာ သိလား"

ပူစူးမက စိတ်ဆိုးကာ ခပ်ပြတ်ပြတ်ပြန်ပြောလိုက်ခြင်းဖြစ်ရာ ကိုဦးကပါ ထောက်ခံစကားဆိုလေသည်။

"ဟုတ်ပါတယ် မောင်ထူးရာ။ မင်းကလည်းမင်းပဲလေ။ ကျောင်းမှာ ဘာမျှ ကူလုပ်ပေးချင်တာမဟုတ်ပဲနဲ့ ဘိုးလေးရှေ့ရောက်မှ အမှတ်ဝင်ယူချင်တာတော့ မကောင်းဘူးပေါ့"

မောင်ထူးက နှုတ်ဆိတ်နေသည်။ ဘိုးလေးကြွက်က ပြောဆိုနေကြသည်များကို နားစွင့်နေရာမှ ဖြည်းဖြည်းချင်း ဝင်ပြောလာသည်။

"မောင်ထူးရေ ဒီလောက်ဆိုရင် ဘိုးလေးသဘောပေါက်ပါတယ်။ မြေးကို ဘိုးလေးက အပြစ်ပြောဖို့ မဟုတ်ပါဘူး။ မြေးတို့တစ်တွေအတွက် စာသင်ခန်းယဉ်ကျေးမှုတွေ တဖြည်းဖြည်း ပိုမိုနားလည်လာစေချင်လို့ ပြောနေရတာ။ နိစ္စဓူဝတွေ့နေရမယ့် ကျောင်းခန်းထဲက အဖြစ်အပျက်တွေက ရိုးမသွားဘူးလေ။ တစ်မျိုးပြီးတစ်မျိုး ရှိနေမှာပါပဲ။ မြေးတို့ အနေနဲ့က အချင်းချင်းဆက်ဆံရေးကောင်းမွန်ဖို့၊ ကူညီရိုင်းပင်းဖို့၊ ဆရာ ဆရာမတွေနဲ့ ပြောဆိုဆက်ဆံရာမှာ လိမ္မာယဉ်ကျေးဖို့၊ နားလည်သိတတ်ဖို့၊ စာသင်ယူတဲ့နေရာမှာ လိုက်နာသင့်တာတွေ၊ စာအုပ်ကိုင်တွယ်တာ၊ ခဲတံဘောပင်ကိုင်တွယ်တာ၊ နေ့လယ်မုန့်စားချိန်မှာ မုန့်စားတာ၊ ထမင်းစားတာဆိုတဲ့ စာသင်ခန်းယဉ်ကျေးမှုတွေကို နားလည်တတ်သိနေစေလိုတဲ့ စေတနာနဲ့ ပြောဆိုသွန်သင်ဆုံးမပေးနေတာပဲကွယ့်"

"ဟုတ်ကဲ့ပါဘိုးလေး။ မြေးတို့အားလုံးနားလည်ပါတယ်။ ဘိုးလေးကို ကျေးဇူးလည်း အထူးတင်ပါတယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး ပြိုင်တူပြောလိုက်သည့်အသံက ဘိုးလေးကြွက်၏ရင်ကို အေးမြကြည်နူးစေလိုက်သည်။

"ကျေးဇူးတင်တယ်ဆိုရင်ဘိုးလေးပြောဆိုဆုံးမတာတွေကို တစ်သဝေမတိမ်းလိုက်နာဖို့လိုတယ်။ မသိတာတွေကိုလည်း ဘိုးလေးကို ပွင့်ပွင့်လင်းလင်း မေးလို့ရတယ်။ အထူးသတိပေးချင်တာတစ်ခုလည်း ရှိသေးတယ်။ အချို့ကျောင်းသား ကျောင်းသူတွေက နီးစပ်ရာစုပေါင်းကြပြီး တစ်ယောက်ယောက်ကို မခေါ်မပြောကြတာမျိုး ရှိတတ်ကြတယ်။ အဲဒီလို အပယ်ခံရတဲ့သူဟာ အလွန်တရာစိတ်ဆင်းရဲမှုမျိုး ခံစားရလေ့ရှိတယ်။ အဲဒီလိုအပြုအမူမျိုးကို ရှောင်ရမယ်နော်။ ဘယ်တော့မှ မလုပ်ရဘူး။ ငယ်ရွယ်တဲ့ ကျောင်းသား ကျောင်းသူအရွယ်တွေမှာပဲဖြစ်ဖြစ်၊ အရွယ်ရလာတဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူအရွယ်တွေမှာပဲဖြစ်ဖြစ်၊ လုပ်ငန်းခွင်လုပ်နေတဲ့အရွယ်တွေမှာပဲဖြစ်ဖြစ် ဒီလိုအဖြစ်မျိုးတွေ ရှိတတ်ကြတယ်။ သတိထားပြီး ရှောင်ရှားကြရမယ်"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ဘိုးလေးပြောတာ သဘောပေါက်တယ်နော်။ ဆိုပါစို့ကွယ်။ ကိုဦးနဲ့ ပူစူးမတို့က မောင်ထူးကို ဝိုင်းပယ်ထားကြမယ်၊ ဘယ်သူမှ စကားမပြောကြဘူးဆိုရင် မောင်ထူးတစ်ယောက်တည်း အထီးကျန်နေမှာပေါ့။ မောင်ထူးတစ်ယောက် မပျော်နိုင်တော့ဘူးပေါ့။ စိတ်သောက ရောက်နေရမှာပေါ့။ အဲဒီသောကက မမြင်ရပေမယ့် အလွန်တရာခံစားရခက်တဲ့ စိတ်ဒုက္ခတစ်မျိုးပေါ့ကွယ်။ ဒါနဲ့ဆက်နွှယ်လို့ နောက်များမှ ပြောပြပါဦးမယ်။ ဖြစ်ရပ်မှန် ဖြစ်စဉ်တစ်ခုတော့ ရှိတယ်။ အဲဒါကြောင့် အခုပြောလိုတဲ့ စိတ်ထားမျိုး ဘယ်တော့မှ မထားရဘူး၊ ဘယ်သူတွေပဲ ဆွယ်ဆွယ် ဝင်မပါရဘူးဆိုတာ အမြဲတမ်းမှတ်ထားရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့ ကတိပေးပါတယ်"

"သာဓုကွယ် သာဓု သာဓု"။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**သီလပါရမီ**

သီလဟူသည်မှာ ကောင်းသော အကျင့်ဟု ဖွင့်ဆိုပေသည်။ ထို့အပြင် မူလသဘောဟူသည့် အနက်အဓိပ္ပာယ်ကို အလေ့အထအကျင့်ကောင်းဟု သုံးနှုန်းကြသည်လည်းရှိသည်။ ပုဂ္ဂိုလ်တစ်ဦး၏ ကောင်း၊ မကောင်း ဟူသည့် နဂိုသဘောကိုလည်း သီလဟုခေါ်ဆိုကြသည်။

အကျင့်ကောင်း၊အလေ့အထကောင်းဟူသည် မြင့်မြတ်သောအရာပင်ဖြစ်သည်။ မြင့်မြတ်သောအရာသည် ကောင်းမွန်စွာ စိတ်ထားရှိခြင်း၊ ကောင်းမွန်စွာ ဆောင်ရွက်မှုပြုခြင်းဟူသည့် သီလသဒ္ဒါ၏ အနက်အဓိပ္ပာယ်နှစ်မျိုးရှိသည်။

ကောင်းမွန်စွာ စိတ်ထားရှိခြင်းသည် ကာယကံ၊ ဝစီကံအမှုတို့ကို မကျူးလွန်၊ မပြစ်မှားဘဲ ကောင်းမွန်စွာ ထိန်းကျောင်းနိုင်ခြင်းပင်ဖြစ်သည်။ ကောင်းမွန်စွာ ဆောင်ရွက်ခြင်းဟူသည် ကုသိုလ်တရားကို ကောင်းမွန်စွာ ဖြစ်ပွားနိုင်ခြင်း၊ ကုသိုလ်ဟူသမျှဖြစ်ပွားစေရန် ဆောင်ရွက်ပြုလုပ်တတ်သောတရားတို့ကို ဆိုလိုရင်းဖြစ်သည်။

သို့ဖြစ်သောကြောင့် ကာယကံမှု၊ ဝစီကံမှုတို့ကို ကျူးလွန်ပြစ်မှားမှု မရှိစေဘဲ သိမ်မွေ့နူးညံ့စေရန် ကာယကံမှု၊ ဝစီကံမှုတို့ကို ကောင်းစွာဆင်ခြင် ထိန်းကျောင်းထားရှိခြင်းနှင့် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်၊ လောကုတ္တရာ ကုသိုလ်တည်းဟူသော ကုသိုလ်လေးမျိုး အဆင့်ဆင့်ဖြစ်ပေါ်စေရန် အခြေခံအကြောင်းရင်းအဖြစ် ကောင်းမွန်စွာ ဆောင်ရွက်လုပ်ဆောင်နိုင်ခြင်း စသည့်နှစ်ချက်ကို သီလဟု ခေါ်ဆိုခြင်းဖြစ်သည်။

အဆိုပါအနက်အဓိပ္ပာယ်နှစ်မျိုးသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပြဆိုချက်ဖြစ်ကြောင်း သိရသည်။

၁။ စေတနာသီလ၊

၂။ ဝိရတီသီလ၊

၃။ အနဘိဇ္ဈာဒိသီလ၊

၄။ သံဝရသီလ၊

၅။ အဝီတက္ကမသီလဟူ၍ သီလတရားငါးမျိုးရှိသည်။

ကာယဒုစရိုက်သုံးပါး ရှောင်ကြဉ်ခြင်းကို သမ္မာကမ္မဝိရတီဟုခေါ်သည်။ ဝစီဒုစရိုက်လေးပါး ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာဝိရတီဟု ခေါ်ဆိုသည်။ မိစ္ဆာအာဇီဝအမျိုးမျိုးရှောင်ကြဉ်ခြင်းကို သမ္မာအာဇီဝဝိရတီဟု ခေါ်ဆိုသည်။ ထိုထိုသော ဝိရတီစေတသိက်သုံးပါးကို ဝိရတီသီလဟု ခေါ်သည်။ အဆိုပါဝိရတီစေတသိက်နှင့်တွဲ၍ ယှဉ်ဖက်ဖြစ်သော စေတနာစေတသိက်ကိုစေတနာသီလဟု ခေါ်ဆိုသည်။

မနောသုစရိုက် သုံးပါးဖြစ်သည့် အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိတို့ကို အနဘိဇ္ဈသီလဟု ခေါ်သည်။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော မနောဒုစရိုက်သုံးပါးရှိလျှင် သူတစ်ပါး အသက်သတ်ခြင်းစသော ကာယဒုစရိုက်၊ မနောဒုစရိုက်တို့သည် စိတ်၌ဖြစ်လျှင် စေတနာပါသည်ချည်းဖြစ်သည်။ စေတနာက စေ့ဆော်ပေးခြင်းဖြစ်သည်။ စိတ်ဖြစ်သည့်အခါတိုင်း စေတနာပါရသည်တို့တွင် သီလနှင့်စပ်သော ဖြစ်ပေါ်မှုတွင်ပါရှိသော စေတနာကို အနဘိဇ္ဈာဒိသီလဟု ခေါ်ဆိုသည်။

စေတနာသီလ၊ ဝိရတီသီလ၊ အနဘိဇ္ဈာဒိသီလတို့သည် လူပုဂ္ဂိုလ်နှင့် ရဟန်းပါ စောင့်ထိန်းရသည်။ ထို့အပြင် ရဟန်းတို့သည် သံဝရသီလနှင့် အဝီတက္ကမသီလကိုလည်း စောင့်ထိန်းရသည်။ သံဝရသီလသည် ပါတိမောက္ခသံဝရသီလ၊ သတိသံဝရသီလ၊ ဉာဏသံဝရသီလ၊ ခန္တီသံဝရသီလ၊ ဝီရိယသံဝရသီလတို့ဖြစ်သည်။

ပါတိမောက္ခသံဝရသည် စောင့်ထိန်းသူကို အပါယ်ဘေးမှ လွတ်ကင်းစေသည်။

သတိသံဝရသီလဟူသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါးကို အကုသိုလ်မဖြစ်စေရန် စောင့်ကြပ်ခြင်းဖြစ်သည်။ ဉာဏသံဝရသည် ကိလေသာတရားမဖြစ်ပွားစေရန် စောင့်ထိန်းနိုင်သောပညာကို ခေါ်သည်။ ခန္တီသံဝရသည် သည်းခံစိတ်ဖြင့် အကုသိုလ်တရား မဖြစ်ပွားစေရန် စောင့်ထိန်းခြင်းဖြစ်သည်။ ဝီရိယသံဝရသည် မိစ္ဆာဝိတက်စိတ် မဖြစ်ပွားစေရန် အားထုတ် စောင့်စည်းခြင်းဖြစ်သည်။ အဝီတက္ကမသီလသည် ဆောက်တည်ထားသော သိက္ခာပုဒ်ကို ကိုယ်နှုတ်တို့ဖြင့် မလွန်ကျူး၊ မဖောက်ပြားခြင်းဖြစ်သည်။

သီလစောင့်ထိန်းခြင်းဖြင့် စိတ်နှလုံး သာယာရွှင်လန်းစေသော အကျိုးကျေးဇူးကို ရရှိနိုင်သည်။ စိတ်ရွှင်သည့်အတွက် ပီတိဖြစ်ရာ၏။ ပီတိဖြစ်မှုကြောင့် ငြိမ်းချမ်းမှု၊ ကိုယ်စိတ်ချမ်းသာ သုခဖြစ်မှုတို့ ဖြစ်ရသည်။ သုခဖြစ်ပေါ်မှုကြောင့် တည်ကြည်ခြင်း သမာဓိဖြစ်လာရာ ဟုတ်တိုင်းမှန်ရာကိုသိနိုင်သော ယထာဘူတဉာဏ်ကို ဖြစ်ပေါ်စေသည်။ ယထာဘူတဉာဏ်ဖြစ်လာသူသည် ဝဋ္ဋဒုက္ခသံသရာငြီးငွေ့ခြင်း၊ နိဗ္ဗိန္ဒဉာဏ်ရလာသည်။ ဆက်လက်၍ မဂ်တရား၊ ဖိုလ်တရားဖြစ်ပြီး အရဟတ္တဖိုလ်ဆိုက်ရောက်နိုင်ပေသည်။ သီလစောင့်ခြင်းအကျိုးမှာ နိဗ္ဗာန်သို့ ဦးတည်သည်သာဖြစ်သည်။

သီလစောင့်ထိန်းခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးကားကြီးမားလှပေသည်။

၁။ ကြီးစွာသောစည်းစိမ်ကို ရရှိခြင်း၊

၂။ ကျော်စောသတင်းပျံ့နှံ့ခြင်း၊

၃။ ပရိသတ်ကို ကြောက်ရွံ့မှုကင်းလျက် ရဲရင့်ရွှင်လန်းစွာ ချဉ်းကပ်နိုင်ခြင်း၊

၄။ မိမိပြုဖူးသော ကောင်းမှုကုသိုလ်ကြောင့် မတွေဝေဘဲ စိတ်ကြည်လင်စွာသေနိုင်ခြင်း၊

၅။ သေသည်မှနောက် သုဂတိဘုံသို့ ရောက်ရှိရခြင်း

ဟူ၍ သီလနှင့်ပတ်သက်သော သီလပြည့်စုံခြင်းအကျိုးကို မြတ်စွာဘုရားရှင်က ရဟန်းတို့အား မိန့်ဆိုသွန်သင်မှာကြားခဲ့ခြင်း ဖြစ်ပေသည်။

ယင်းတို့သည် သီလနှင့်ဆက်နွှယ်သည့် အကြောင်းအရာများ၊ သီလပါရမီဟူသည့် အနက်အဓိပ္ပာယ်တို့အား စုစည်းဖော်ပြလိုက်ရပါသည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ

**ရိုသေထိုက်သူကို ရိုသေရမယ်**

**ဂါရဝေါစ။**

"အသက်၊ သိက္ခာ၊ ဂုဏ်ဝါကြီးမားသော ရိုသေထိုက်သူတို့ကို ရိုသေခြင်း၊ ရိုသေထိုက်သော လူကြီးသူမတို့ကို ရိုသေရခြင်း၊ ရိုသေထိုက်သူကို ရိုသေရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။




၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ သတ္တမမြောက်ကဗျာဖြစ်တဲ့ "စိတ်ထားရေးမင်္ဂလာ" ငါးပါးထဲက နံပါတ်တစ် မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး.. ရှေးရှေးတုန်းအခါက...၊ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ် အချိန်ကာလက ပေါ့ကွယ်။

"ငါဘုရား သက်တော်ထင်ရှားရှိစဉ်မှာပင် ရဟန်းအချင်းချင်း ထေရ်ကြီးကိုထေရ်ငယ်က မရိုသေကြကုန်။ ငါ ပရိနိဗ္ဗာန်စံသော် အဘယ်သို့ပြုမည်နည်း" ဟု ဓမ္မသံဝေဂဖြစ်တော်မူပြီး ရဟန်းတို့ကို စုဝေးစေလိုက်တယ်။

ဖြစ်စဉ်မှာ မြတ်စွာဘုရားရှင်ဟာ ရဟန်းငါးရာခြံရံကာ ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ကြွရာ လမ်းခရီးတွင် ဝေသာလီပြည်သို့ ခေတ္တဝင်တော်မူလေတယ်။ ရဟန်းငါးရာတို့တွင် အလွန်ဆုံးမရခက်ခဲတဲ့ ရဟန်းတို့လည်း ပါလာလေရာ ရှေ့ကနေ ဦးအောင်သွားနှင့်ကာ နေရာကောင်းများ ယူထားကြလေတယ်။ နောက်မှကြွလာကုန်တဲ့ ထေရ်ကြီးဝါကြီးတို့မှာ နေရာမရဖြစ်ရတော့တယ်။

နေရာမရတဲ့ ရှင်သာရိပုတ္တရာမထေရ်ဟာ ဘုရားနဲ့မလှမ်းမကမ်းနေရာရှိ သစ်ပင်ရင်းမှာ တစ်ညဉ့်တာလုံး စင်္ကြံကြွရင်း သတင်းသုံးနေလေတယ်။ မိုးလင်းလို့ ဘုရားရှင်မြင်တော်မူလို့ မေးတော်မူလေရာ နေရာမရလို့ စင်္ကြံကြွနေကြောင်း လျှောက်ထားမှုကို အကြောင်းပြုပြီး မြတ်စွာဘုရားရှင်က ရဟန်းတို့ကို စုဝေးစေကာ ဂါရဝေါစနှင့် ဆက်ဆိုင်တဲ့ ဇာတ်တော်ကိုဟောကြားတော်မူလေတယ်။

"ချစ်သားရဟန်းတို့ ရှေးသရောအခါက ဟိမဝန္တာမှာ ပညောင်ပင်ကြီးကိုအမှီပြုကာ ဆင်၊ မျောက်၊ ခါ သတ္တဝါတို့ဟာ မိတ်ဆွေဖွဲ့နေကြတယ်။ တစ်နေ့မှာတော့ ရိုသေမှုဂါရဝတရားမရှိလို့မဖြစ်ဘူး။ ဒါကြောင့် ကြီးသူကို ငယ်သူကရိုသေဖို့ ကြီးသူကိုရွေးကြကုန်အံ့လို့တိုင်ပင်ကာ အသက်ကြီးသူကိုရွေးကြလေတယ်"

"အဆွေတို့ ငါငယ်စဉ်က ဒီညောင်ပင်ကို ပေါင်ကြားမှာထားကာ ဆော့ကစားဖူးတယ်" လို့ ဆင်ကဆိုလေတယ်။

"အဆွေတို့ ငါ ငယ်စဉ်အခါက မြေမှာထိုင်ကာလည်ကိုမော့လို့ ညောင်ရွက်နုတို့ကို စားဖူးပါတယ်"

မျောက်ကလည်း ငယ်စဉ်ကအကြောင်းပြန်ပြောလေတယ်။

"အဆွေတို့ ငါဟာ ရှေးကာလတုန်းက ဝေးလံတဲ့ အရပ်ဒေသဆီကနေ ပညောင်သီးကိုမျိုပြီး ဒီနေရာမှာ မစင်စွန့်ခဲ့လို့ ဒီညောင်ပင်ပေါက်လာရတာပဲ" လို့ ခါက အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်းပြောလေတယ်။

"ဒီတော့မှ ဆင်နဲ့မျောက်တို့ဟာ ခါကို အကြီးအကဲပြုလို့ ရိုသေစွာနဲ့ရှိခိုးကြတော့တယ်။ ခါကလည်း ဆင်နဲ့မျောက်တို့ကို ငါးပါးသီလပေးကာ အသက်ထက်ဆုံးချမ်းမြေ့စွာနေထိုင်သွားကြတဲ့အတွက် သေလွန်တဲ့အခါ နတ်ပြည်ကိုရောက်သွားကြရတယ်"

ရဟန်းငါးရာကို မြတ်စွာဘုရားရှင်က ဟောကြားတော်မူလိုက်တဲ့ ဒေသနာတော်ပဲဖြစ်တယ်။

"ချစ်သားတို့ ရှေးတုန်းအခါက တိရစ္ဆာန်တို့ပင် ကြီးသူကိုငယ်သူကရိုသေမှုရှိကြတယ်။ ယခုမှ အသင်တို့ အဘယ်ကြောင့် ကြီးသူကို မရိုသေကြသနည်း။ ဂါရဝေါစမင်္ဂလာအရ ကြီးသူကိုငယ်သူက ရိုသေကြကုန်လော့"

မြတ်စွာဘုရားရှင်က ရဟန်းငါးရာတို့အား မိန့်ကြားသွန်သင်တော်မူလေတယ်။ ဂါရဝေါစ။

"အသက်၊ သိက္ခာ၊ ဂုဏ်ဝါကြီးမားသော ရိုသေထိုက်သူတို့ကို ရိုသေခြင်း၊ ရိုသေထိုက်သော လူကြီးသူမတို့ကိုရိုသေရခြင်း၊ ရိုသေထိုက်သူကို ရိုသေရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ နိပါတ်တော်လာ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့ မောင်တို့မယ်တို့အတွက် သာမက လူတိုင်းလူတိုင်းအသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "စိတ်ထားရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

[၄]

နွယ်နွယ်ထွန်းတို့သည် ချောက်မှသည် ပုဂံ၊ ညောင်ဦးသို့ ကူးသည်။ ဘုရားစုံ လည်ဖူးသည်။ ဦးခင်မောင်ညွန့်က အလုပ်ကိစ္စများအတွက် ရေနံချောင်းသို့ လှည့်ပြန်သွားသည်။ ဒေါ်ဝင်းရီသည် နွယ်နွယ်ထွန်းနှင့်အတူ ပါလာလေသည်။

ကျောက်ပန်းတောင်းသို့ ရောက်သောအခါ နွယ်နွယ်ထွန်းအား မွေးဖွားခဲ့သော အိမ်နေရာကို ပြကြသည်။ ဗိုလ်မှူးညိုထွန်း၏ အစ်မဖြစ်သော ဒေါ်သိန်းနုနှင့် ၎င်း၏ခင်ပွန်း ဦးဖိုးစံတို့ကား ကွယ်လွန်ခဲ့လေပြီ။

ဦးဖိုးစံတို့ အိမ်နေရာတွင် တိုက်တစ်လုံး တည်ထားသည်။ မကွယ်လွန်မီကတည်းက သူဌေးတစ်ဦးအား ရောင်းချခဲ့သည်ဟု သိရသည်။

ကျောက်ပန်းတောင်းမြို့၏ အခြေအနေမှာလည်း ယခင်ကနှင့် မတူတော့။ ပုပ္ပားတောင်မှ စမ်းကျရေကို ပိုက်ဖြင့်သွယ်တန်းနိုင်ခဲ့ပြီးသည့်နောက်ပိုင်းတွင် ကျောက်ပန်းတောင်း၌ ရေရှားလွန်း၍ ရေအစား ထန်းရည်ချိုသာပေးရခြင်းမျိုး မပေါ်ပေါက်ခဲ့လေတော့။ ရေပေါလာသည်နှင့်အမျှ ယခုအခါ စပျစ်၊ ငှက်ပျောစသောအပင်တို့သည်ပင် စိုက်ပျိုး၍ရလာပြီ။ စိမ်းစိမ်းစိုစို ရှိနေပြီ။ ကျောက်ပန်းတောင်းသည် သာယာစည်ကားနေသည် အမှန်ပင်။ ကြက်မောက်တောင်ဆည်က ကျောက်ပန်းတောင်းကို သာယာအောင် ဖန်တီးပေးခဲ့သည်ဟု ဆိုရမလိုဖြစ်သည်။

ပုဂံညောင်ဦးမှ တစ်ဖန် မန္တလေးသို့ ခရီးဆက်ကြသည်။ ဤသည်လည်း ဗိုလ်မှူးညိုထွန်းနှင့် တွေ့လိုသောကြောင့်ပင်ဖြစ်သည်။ ဗိုလ်မှူးညိုထွန်းက အညာသို့အလာတွင် သူ့ထံသို့ပါ ဝင်ရန် အကြောင်းကြား ခဲ့သောကြောင့်ပင် ဖြစ်သည်။

နွယ်နွယ်ထွန်းသည် မန္တလေးမြို့ကို ဟုတ်တိပတ်တိ မလည်ဖူးခဲ့။ ရောက်တော့ရောက်ဖူးသည်။ မန်းရာပြည့်တုန်းက ဖြစ်သည်။ ခဏတစ်ဖြုတ်သာ နေနိုင်ခဲ့သည်။ မန္တလေးထက် မေမြို့ကို အလေးပေး၍ လည်ပတ်ခဲ့ရသည်။ ယခုမူ ခုနစ်ရက်တာမျှ နားနားနေနေနှင့် နှံ့နှံ့စပ်စပ် လည်ပတ်ခွင့်ရသည်။ ယခင်တစ်ပတ်က မန္တလေး၊ မဟာမြတ်မုနိလောက်ပဲဖြစ်သည်။ ယခုမူ တောင်သမန်အင်း၊ ဆည်တော်ကြီး ဆည်တော်လေးမှအစ စစ်ကိုင်းတောင်၊ မိုးညှင်းသမ္ဗုဒ္ဓေ အစုံနှံ့ခဲ့သည်။

သို့တိုင်အောင် အစုံစုံသော အံ့ဩဖွယ်များသည်လည်းကောင်း၊ အထူးထူးသော ဆန်းကြယ်မှုများသည် လည်းကောင်း နွယ်နွယ်ထွန်း၏စိတ်အာရုံကို အကြောင်းအရာတစ်ရပ်လောက် ယူကျုံးဆွဲဆောင်နိုင်ခြင်း မရှိခဲ့ချေ။

ယင်းအကြောင်းအရာကို အစပျိုးခဲ့သူမှာ စင်စစ် မိမိကိုယ်တိုင်သာလျှင် ဖြစ်သည်ဟု နွယ်နွယ်ထွန်း ထင်သည်။

တစ်နေ့တွင် ဖြစ်သည်။ အဝတ်အစားလဲလှယ် ဝတ်ဆင်နေသော ဗိုလ်မှူးညိုထွန်းအား နွယ်နွယ်ထွန်း မေးမိသည်။

"ဦးလေးထွန်း ဘယ်လဲဟင်"

"ဂေါက်ကွင်းကို"

"ဒီကနေ့ ဘယ်မှသွားဖို့အစီအစဉ်မရှိဘူးထင်တယ်။ အဲလစ်လည်း လိုက်ခဲ့ချင်တယ်"

"ကောင်းသားပဲ၊ ဒီနေ့ တောနမင့်ရှိတယ်။ ကြည့်ရအောင် လိုက်ခဲ့ပေါ့"

သို့ဖြင့် နွယ်နွယ်ထွန်းလည်း ဆတ်ဆော့ကာ ဂေါက်ကွင်းသို့ လိုက်လာပါလာခဲ့သည်။

ထိုနေ့က ပြိုင်ပွဲတစ်ခု ရှိသည်။ ထို့ကြောင့် ဂေါက်သီးရိုက် ဝါသနာအိုးများ စုံစုံညီညီ ရှိနေကြသည်။ ဗိုလ်မှူးညိုထွန်းသည် ပြိုင်ပွဲ၌မပါဝင်။ အကြည့်သမားသက်သက် ဖြစ်သည်။ သို့ဖြစ်၍ နွယ်နွယ်ထွန်းသည် အထီးတည်းပျင်းမနေရ။

နွယ်နွယ်ထွန်းသည် ဗိုလ်မှူးညိုထွန်းကို အစပိုင်းက များစွာ ခင်မင်မိခြင်း မရှိချေ။ အသက်အရွယ် ကွာခြားမှုကြောင့်လည်းကောင်း၊ သွေးသားတော်စပ်ခြင်းမရှိ၍လည်းကောင်း ခပ်စိမ်းစိမ်း၊ ခပ်တန်းတန်းပင် ဆက်ဆံခဲ့သည်။ သို့ရာတွင် ဗိုလ်မှူးညိုထွန်း၏ လူကြီးလူကောင်း ပီသမှု၊ အေးဆေးတည်ငြိမ်မှုတို့ကို နှစ်ခြိုက်ခဲ့သည်။ သူ၏ဘဝတစ်လျှောက် လုပ်ဆောင်မှုများကို ကြားလာရကာ လေးစားခဲ့ရသည်။ တစ်ဖန် စင်စစ်သူသည် မိမိနှင့်တကွ မိခင်၏အသက်သခင် ကျေးဇူးရှင်အဖြစ် နားလည်လာရကာ သူ၏ကျေးဇူးတရားကို အောက်မေ့လာခဲ့သည်။ အဓိက ခင်မင်လာခြင်းကမူ ဗိုလ်မှူးညိုထွန်းကိုယ်တိုင် သူ့အပေါ် သွေးသားရင်းချာနှင့်မခြား သံယောဇဉ်ကြီးမားစွာ ခင်မင်နေကြောင်း တွေ့ရသောကြောင့် ဖြစ်သည်။

ဗိုလ်မှူးညိုထွန်းအား တစ်စထက်တစ်စ အနီးကပ်၍ ပေါင်းလာမိသည်။ သည်လိုနှင့် ရင်းရင်းနှီးနှီး ရှိလာခဲ့ရသည်။ နန်းကိန္နရီခေါ်သလို "ဦးလေးထွန်း" ဟုပင် ခေါ်မိသည်။ ဦးခင်မောင်ညွန့်နှင့် တန်းတူရည်တူ ချစ်ခင်လာခဲ့ရသည်။

ဂေါက်ကွင်းသို့ရောက်ပြီး များမကြာမီမှာပင် လူအများကြားမှ မျက်စိတစ်စုံ၏အကြည့်သည် မိမိထံ မကြာခဏရောက်ရှိလာသည်ဟု နွယ်နွယ်ထွန်း ထင်သည်။ အကြည့်မှာ စူးစူးစိုက်စိုက်နိုင်လွန်းလှသောကြောင့် အနေရခက်သလို ရှိမိသည်။ မိမိအား ဂရုတစိုက်ကြည့်နေသည်ကို သိရသောအခါ မိမိကိုယ်၌ကလည်း သူ့ကို ပြန်မကြည့်ဘဲ မနေနိုင်ခဲ့ပေ။

ပြိုင်ပွဲပြီးဆုံးသွား၍ နေနေနားနား ရှိနေကြသောအခါ ထိုသူသည် နွယ်နွယ်ထွန်းတို့အပါးသို့ ချဉ်းကပ်လာကြောင်း တွေ့ရှိရလေသည်။

ဦးစွာ ဗိုလ်မှူးညိုထွန်းကို နှုတ်ဆက်သည်။ တစ်ဆက်တည်းမှာပင် နွယ်နွယ်ထွန်းကို ညွှန်ပြကာ "ဗိုလ်မှူး၊ သူက" ဟု စကားဆိုသည်။

"သူက နွယ်နွယ်ထွန်းပါ။ ကျောင်းနာမည် အဲလစ်။ ကျွန်တော်တို့ကတော့ အဲလစ်လို့ နှုတ်ကျိုးနေပြီ။ ဦးဘမောင်ကို အဲလစ်အကြောင်း ပြောမပြရသေးဘူး" ဗိုလ်မှူးညိုထွန်းက ဆိုသည်။ နွယ်နွယ်ထွန်းဘက်သို့ လှည့်၍ မိတ်ဆက်ပေးသည်။ "အဲလစ်ရေ၊ ဒါ ဦးဘမောင်။ ဂျော့ ဘမောင်ပေါ့။ ဦးဘမောင်ကိုလည်း အဲလစ်အကြောင်း ပြောပြရဦးမယ်"

ထို့နောက် နွယ်နွယ်ထွန်းအား "ခဏနေဦးနော်" ဟုဆိုကာ ထားရစ်ခဲ့ပြီး အမျိုးသားနှစ်ယောက် ခပ်လှမ်းလှမ်းသို့ လျှောက်သွားကြသည်။ ထိုနေရာတွင် ကြာမြင့်စွာ စကားပြောနေကြသည်။ မိမိအကြောင်းပြောမည်ထင်ကာ နွယ်နွယ်ထွန်းမှာ မလုံမလဲ ဖြစ်နေမိသည်။

အမှန်တွင် ဂျော့ဘမောင်သည် စောစောပိုင်းက နွယ်နွယ်ထွန်းကို နန်းကိန္နရီအဖြစ်နှင့် ကြည့်နေမိခဲ့ခြင်း ဖြစ်သည်။ မည်သူမည်ဝါဟု သဲကွဲသည် မဟုတ်စေကာမူ သည်မျက်နှာအနေအထားမျိုးကို မြင်ဖူးသည်အထင်နှင့် ကြည့်နေမိခဲ့ခြင်း ဖြစ်သည်။ ဗိုလ်မှူးညိုထွန်းနှင့်အတူ ပါလာသည်ဖြစ်၍ နန်းကိန္နရီဖြစ်နိုင်သည်ဟု ယူဆမိခဲ့လေသည်။ ဗိုလ်မှူးညိုထွန်း၏ စကားများကြောင့် နွယ်နွယ်ထွန်းဖြစ်ကြောင်း၊ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ သမီးဖြစ်ကြောင်းတို့ကို သိရှိလာရသည်။ နန်းကိန္နရီ၏အကြောင်းကိုလည်း ထိုအခါကျမှ ရေရေလည်လည် သိရှိရလေသည်။

"ဗိုလ်မှူးတို့တွေ့ဖူးတဲ့ ကျွန်တော့်အဒေါ်တွေတော့ အားလုံးဆုံးကုန်ကြပြီ။ ဒေါ်မူယာ၊ ဒေါ်သူဇာဆိုတဲ့ အသက်ခြောက်ဆယ်ကျော် အပျိုကြီးတွေလေ"

ဂျော့ဘမောင်က ဆိုသည်။ ဗိုလ်မှူးညိုထွန်းသည် စကားစပ်မိသည်ဖြစ်၍ မေးရသည်။

"ဒါထက် နန်းကိန္နရီရဲ့ မိထွေးတစ်ယောက်ကော"

"မအေးမြလား။ သူက နောက်အိမ်ထောင် ပြုလိုက်တယ်လို့ ကြားတယ်။ ဦးနန္ဒိယလည်း မနှစ်ကပဲ ပျံလွန်တော်မူတယ်"

"အင်း၊ ဒီအကြောင်းတွေ နန်းကိန္နရီ ကြားဦးမယ် မထင်ဘူး"

ဗိုလ်မှူးညိုထွန်းနှင့် ဂျော့ဘမောင်တို့ နွယ်နွယ်ထွန်းအပါးသို့ ပြန်ရောက်လာကြသည်။ ဂျော့ဘမောင်က နွယ်နွယ်ထွန်းကိုကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကျွန်တော်တော့ အခုလိုအခါမျိုးမှာ မောင်မောင်ဦးကို အသက်ထင်ရှား ရှိစေချင်လိုက်တာဗျာ" သူက ညည်း ညူသလို ဆိုသည်။ တစ်ဆက်တည်းမှာပင် "ကိုယ်ဟာ ညည်းဖေဖေရဲ့ အရင်းနှီးဆုံးမိတ်ဆွေပဲ။ အချစ်ဆုံး သူငယ်ချင်းပဲ။ ငယ်ငယ်ကတည်းက ကျောင်းမှာ အတူတူနေခဲ့ကြတယ်။ ပြီးတော့လည်း တွဲမြဲတွဲနေတာပဲ။ အေးလေ သူဆုံးတော့မှပဲ ကွဲခဲ့ရတယ်ဆိုပါတော့။ သူနဲ့ပတ်သက်လို့ အိမ်မှာ အခုထိ ပြောလို့မပြီးနိုင်တာ တစ်ခုရှိသေးတယ်" သူသည် ဗိုလ်မှူးညိုထွန်းဘက်သို့ လှည့်သည်။ "ကျွန်တော့် သမီး အလတ်ရှိတယ်။ ပူစူးမလို့ ခေါ်ကြတယ်။ မောင်မောင်ဦး ကျွန်တော်တို့ အိမ်ကထွက်သွားတာ သူ့ကြောင့်လို့ အခုထိ စိတ်ထဲမှာ စွဲမြဲနေတုန်းရှိသေးတယ်။ သူက မောင်မောင်ဦးကို သိပ်ခင်တာကလား။ မောင်မောင်ဦးကလည်း ချစ်ရှာပါတယ်။ တစ်နေ့ စကားပြောရင်းကနေ မောင်မောင်ဦး စိတ်ထိခိုက်အောင်ပြောမိလို့ အိမ်ကထွက်သွားတာလို့ ယုံကြည်နေတယ်။ အဲဒါကတော့ မောင်မောင်ဦးကို သူ့သမီးအကြောင်း သွားစမိတာပဲ"

နွယ်နွယ်ထွန်းသည် ဂျော့ဘမောင်၏ စကားများကို စိတ်ဝင်စားမိသလို မျက်တောင်မခတ်တမ်း စူးစိုက်နားထောင်နေသည်။ မျက်ဝန်းကလေးများမှာ တောက်ပလာကြသည်။

ဂျော့ဘမောင်က စကားဆက်သည်။

"ကျွန်တော်တို့က ဒီကောင့်ကိုကြက်များလို ချေးကျရာ ပျော်တတ်တယ်။ ဘာခံစားမှုမှမရှိဘူးလို့ ထင်ထားတာ။ ဒီတစ်ကြိမ်မှာတော့ မှားသွားခဲ့တယ်။ အမှန်က သူ့မှာ သံယောဇဉ်လည်း ရှိတယ်။ ခင်ခင်ကြီးနဲ့ ပတ်သက်လို့လည်း အစွဲအလမ်းကြီးတယ်။ ဒါပေမဲ့ တစ်ယောက်အပေါ် တစ်ယောက် နားမလည်မှုတွေကြောင့် အခုလိုဖြစ်ရတာပါ။ ဘာပဲပြောပြော၊ သူ့သမီးကို မြင်ရတယ်ဆိုတော့လည်း ဒီကောင်ကြီးကို အမှတ်ရလိုက်တာဗျာ"

သည်စကားများကို ကြားရသောအခါ နွယ်နွယ်ထွန်း၏ရင်ထဲမှာ လှိုက်လှဲလာသည်။ ကြေကွဲဆို့နင့်သလို ရှိလာမိသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

"နွယ်နွယ်ထွန်းသည် ဗိုလ်မှူးညိုထွန်းကို အစပိုင်းက များစွာခင်မင်မိခြင်း မရှိချေ။ အသက်အရွယ် ကွာခြားမှုကြောင့်လည်းကောင်း၊ သွေးသားတော်စပ်ခြင်းမရှိ၍လည်းကောင်း ခပ်စိမ်းစိမ်း၊ ခပ်တန်းတန်းပင် ဆက်ဆံခဲ့သည်။ သို့ရာတွင် ဗိုလ်မှူးညိုထွန်း၏ လူကြီးလူကောင်းပီသမှု၊ အေးဆေးတည်ငြိမ်မှုတို့ကို နှစ်ခြိုက်ခဲ့သည်။ သူ၏ဘဝတစ်လျှောက် လုပ်ဆောင်မှုများကို ကြားလာရကာ လေးစားခဲ့ရသည်။ တစ်ဖန်စင်စစ် သူသည် မိမိနှင့်တကွ မိခင်၏အသက်သခင် ကျေးဇူးရှင်အဖြစ် နားလည်လာရကာ သူ၏ကျေးဇူးတရားကို အောက်မေ့လာခဲ့သည်။ အဓိက ခင်မင်လာခြင်းကမူ ဗိုလ်မှူးညိုထွန်းကိုယ်တိုင် သူ့အပေါ် သွေးသားရင်းချာနှင့်မခြား သံယောဇဉ်ကြီးမားစွာ ခင်မင်နေကြောင်း တွေ့ရသောကြောင့် . . ."

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဖြစ် မြန်မာနှင့်အင်ဒိုနီးရှား ယနေ့ကစားမည်

ရန်ကုန် ဩဂုတ် ၉

၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဩဂုတ် ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပရေး၏ ဆုံးဖြတ်ချက်အရ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မိနစ် ၉၀ အတွင်း သရေကျနေပါက အချိန်ပိုဆက်မကစားဘဲ ပင်နယ်တီဖြင့် ဆုံးဖြတ်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ရှုံးပွဲမရှိဘဲ အုပ်စုပထမဖြင့် တက်ရောက်လာခြင်းဖြစ်ပြီး ဩစတြေးလျကို သုံးဂိုး-နှစ်ဂိုး၊ ကမ္ဘောဒီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ မလေးရှားအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းနှင့် တွေ့ဆုံနေသည့် အင်ဒိုနီးရှားအသင်းမှာမူ အုပ်စုပွဲများတွင် ပွဲတိုင်းအနိုင်ရလာသည့်အသင်းဖြစ်ပြီး ဖိလစ်ပိုင်ကို နှစ်ဂိုးပြတ်၊ စင်ကာပူကို ကိုးဂိုးပြတ်၊ ဗီယက်နမ်ကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ကစားပုံကောင်းမွန်သည့်အပြင် အိမ်ရှင်အသင်းလည်းဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ မြန်မာအသင်းမှာလည်း ယခုပြိုင်ပွဲတွင် ကောင်းမွန်သည့် ခြေစွမ်းပြသထားရာ ရရှိသည့် ဂိုးသွင်းခွင့်များ အသုံးချနိုင်ပါက ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ဖွယ်ရှိနေသည်။

ဆီမီးဖိုင်နယ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၉ ရက်က ပြုလုပ်ရာ မြန်မာအသင်းအပါအဝင် အိမ်ရှင်အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်အသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။ မြန်မာအသင်း နည်းပြချုပ် ဦးအောင်ဇော်မျိုးက "အင်ဒိုနီးရှားက အိမ်ရှင်ဖြစ်နေတဲ့အပြင် အသင်းကောင်းတစ်သင်းပါ။ ကျွန်တော့်အနေနဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်အတွက် အကောင်းဆုံး ကြိုးစားပြင်ဆင်သွားမှာပါ။ အုပ်စုပွဲပြီးနောက် နားချိန်တစ်ရက်ပဲရပေမယ့် ကစားသမားတွေကို ကောင်းကောင်း အနားပေးထားလို့ ကိစ္စမရှိပါဘူး။ ပရိသတ်အများကြီးရှေ့မှာ ကစားရမှာကတော့ ကျွန်တော့် ကစားသမားတွေအတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒါပေမဲ့ ဖိအားကတော့ အိမ်ရှင်ဘက်မှာသာ ရှိနေပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။

**ကိုညီလေး**



# လိုက်ပ်ဇစ်အသင်းက ချယ်လ်ဆီးတိုက်စစ်မှူး တီမိုဝါနာကို ပြန်လည်ခေါ်ယူ

ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ပ်ဇစ်အသင်းဟာ တိုက်စစ်မှူး တီမိုဝါနာ ကို ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ကစားခွင့်ပြုခဲ့ပြီးနောက် နှစ်နှစ်အကြာမှာ ဂျာမနီမြေကို ပြန်လည်ခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းဟာ ဂျာမနီတိုက်စစ်မှူး တီမိုဝါနာကို ၂၀၂၀ ပြည့်နှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ တိုက်စစ်မှူး တီမိုဝါနာဟာ အသင်းဟောင်း လိုက်ပ်ဇစ်အသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းခန့်နဲ့ ပြန်သွားဖို့ရှိနေတာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်း၊ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနဲ့ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အချိန်မှာပဲ ချယ်လ်ဆီးအသင်းဟာ ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး တီမိုဝါနာဟာ လက်ရှိကလပ် ချယ်လ်ဆီးအသင်းအတွက် ပြိုင်ပွဲစုံ ၈၉ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၂၃ ဂိုးသွင်းယူထားတဲ့အပြင် ၂၀၂၁ ခုနှစ်အတွင်းက ချယ်လ်ဆီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားကိုလည်း ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး တီမိုဝါနာဟာ ၂၀၁၆ ခုနှစ်အတွင်းက စတုဂတ်အသင်းကနေ လိုက်ပ်ဇစ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လိုက်ပ်ဇစ်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ပွဲစဉ်စုစုပေါင်း ၁၅၉ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၉၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

❖ **ဗီယက်နမ် ယူ-၁၉ မှ**

မြန်မာအသင်းသည် ယခုပွဲတွင် ရလဒ်ကောင်း ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲအစနှင့် ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး မျိုးမင်းဟိန်း၊ လန်းဆန်းအောင်၊ အာကာကျော်၊ ချစ်အေး၊ မိုးဆွေ၊ ဟိန်းဇော်နိုင်၊ ထွန်းထွန်းသိန်း၊ အောင်ပြည့်ဖြိုး (ဂိုး)၊ သာယာဝင်းထက်၊ စွမ်းထက်၊ သန်းတိုးအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ ၂ မိနစ်မှာပင် မလေးရှားအသင်း ဂိုးစတင်ရရှိပြီး နာဆာရင်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် ပွဲအစ မိနစ်အနည်းငယ်အတွင်း ဂိုးများပေးနေရပြီး ဂိုးစတင်ပေးလိုက်ရသဖြင့် နောက်မှလိုက်ကစားရကာ မျှော်မှန်းသလို မကစားနိုင်ခဲ့ပေ။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရခဲ့ပေ။ ပွဲပြီးခါနီး ၈၇ မိနစ်တွင် မလေးရှားအသင်း ဒုတိယဂိုးရခဲ့ပြီး အဘူဘာကာက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုသုံးပွဲစလုံး အရေးနိမ့်ခဲ့သဖြင့် အုပ်စုအောက်ဆုံးနေရာ၌ ရပ်တည်ခဲ့ပြီး တတိယနေရာလုပွဲသာ ကစားရတော့မည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - VFF**

# MNL ပွဲစဉ်များ ဆက်လက်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၉

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) လက်ကျန်နှစ်ပွဲကို ဩဂုတ် ၁၀၊ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

လက်ကျန်ပွဲများအဖြစ် ဩဂုတ် ၁၀ ရက်တွင် ရခိုင်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်၊ ဩဂုတ် ၁၁ ရက်တွင် အား/ကာသိပ္ပံနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရလဒ်ဆိုးများနှင့် ဆက်တိုက်ရင်ဆိုင်နေရပြီး ယခုပွဲတွင်လည်း ဟံသာဝတီအသင်းနှင့် တွေ့ဆုံနေသည်။ ဟံသာဝတီအသင်းမှာလည်း ယခုရာသီတွင် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိသေးပေ။ ယခုရာသီတွင် ခြေစွမ်းတက်နေသည့် အား/ကာသိပ္ပံအသင်းသည် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် GFA အသင်းနှင့် ကစားရမည်ဖြစ်ကာ ယခုပွဲအနိုင်ရပါက အဆင့်ဇယားထိပ်ပိုင်းမှ အသင်းများနှင့် အမှတ်ကွာဟနေမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

**ကိုညီလေး**


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်အောက်လမ်း၊ တိုက်အမှတ်(၁၆)၊ မြေညီထပ်၏အပေါ်လွှာ၊ ပထမထပ်၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂½×၅၀ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သီတာအောင် (၁၀/မလမ(နိုင်) ၁၃၉၃၈၄)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်မည့် သူရှိပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်မူရင်းများနှင့်အတူ ကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမင်းမင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၇၃၂၀)
အမှတ်(၁၁)၊ (၄-လွှာ)၊ ပဏ္ဍိတလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်။
ဖုန်း-၀၉-၂၆၂၇၄၀၂၆၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးကျော်ကျော်မိုး [၁၂/ဒဂန(နိုင်)၀၂၆၁၉၅]သည် ဦးမျိုးမြင့်ဆွေသိန်း(ခ)ဩရသ (အဖ-ဦးမြင့်ဆွေ) [၁၂/မရက(နိုင်)၁၄၀၆၁၉] အမှတ်-၁/အေ(၄)၊ မြင်သာ(၁၁)လမ်း၊ မြသီတာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေသူပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်-၂၁၆၊ အခန်းအမျိုးအစား (Type-A)အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်တွင် အပြီးပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ယခုအခါ တိုက်ခန်းပိုင်ရှင်အမည်ပေါက် ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက အထက်ပါအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ပိုင်ရှင်အမည်ပြောင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးကျော်ကျော်မိုး[၁၂/ဒဂန(နိုင်)၀၂၆၁၉၅]
Ph: 09-695121934

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၈၂)၊ မြေကျယ်ဧရိယာ (၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ ဦးစောနိုင်+ဒေါ်မူမူလှ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်အရ တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးခင်မောင်စန်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးဝင်း (LL.B) — ဒေါ်သန္တာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၀၈) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၁၉)
အမှတ်-၁၀/၁၂၊ ပထမထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉- ၇၇၄၉၁၇၁၁၄

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မှော်ဘီမြို့နယ်တရားရုံး
၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်(၃၂)

ဦးသိန်းထွန်း ---------- တရားလို
နှင့်
ဒေါ်အောင်ကြည် ---------- တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ(၁)ရပ်ကွက်၊ သရက်ညိုကုန်းလမ်း၊ ဦးပိုင်အမှတ်-၄၄/၂/ခနေ ဒေါ်အောင်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဦးသိန်းထွန်းဦးက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ (၁၂)အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့ သိစေရန်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ဆွေသင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မှော်ဘီမြို့နယ်တရားရုံး


# အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး


## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်အမှတ် (ဥသ-၃၀၁၆ အေ)၊ ဦးအေးချမ်းမင်း (ဘ) ဦးတင်မောင်ဆွေ အမည်ပေါက်၊ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကိုဦးအောင်ဇော်ဝင်း [၈/မလန(နိုင်)၀၅၆၉၉၄] (ဘ) ဦးစန်းငွေမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၁၇၉/၂၀၂၂ (၂၆-၇-၂၀၂၂) တင်ပြ၍ ဒေါ်ငွေငွေရီ [၇/ပခန(နိုင်)၁၈၇၀၀၉] (ဘ) ဦးမြဟန် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၄၀

ဒေါ်ဖူးပြည့်အောင် (တရားလို) နှင့် ဒေါ်ညိုညို (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာ(၁)လမ်း၊ အမှတ်(၅၁၂)နေ တရားပြိုင် ဒေါ်ညိုညို (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလိုက "ပဋိညာဉ်အတိုင်း မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မြ)
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄၀

ဦးမောင်မောင်လွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ရီရီဆွေ) (တရားလို) နှင့် ဦးကျော်ခိုင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အခန်း ၃/စီ၊ အမှတ် ၁၆၀ နေ ဦးကျော်ခိုင်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၈၀၀ ရလိုမှုဟူ၍ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့ (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်) မွန်းမတည့်မီ နံနက် (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထိပ်ထားလေး)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## ဒေါ်ချိုချိုဦး

**ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

**(ကျောက်တန်း)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၉၁၅)၊ ငွေပုလဲ (၁)လမ်း၊ (၃၅)ရပ်ကွက်နေ (ဦးကျော်စိုး)-ဒေါ်အေးစောတို့၏ သမီးကြီး၊ ကိုသူရမောင်-မမြတ်မြတ်ခိုင်၊ မတင်တင်ခိုင်၊ ကိုရန်နောင်စိုး-Dr.ဥမ္မာလှဝင်းတို့၏ အစ်မကြီး၊ မောင်သုတထက်အောင်၊ မောင်မြတ်မင်းသီဟတို့၏ ကြီးကြီး ဒေါ်ချိုချိုဦးသည် ၉-၈-၂၀၂၂ ရက် နံနက် ၅:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးတင်အေး (သထုံမြို့)**

**အသက်(၁၀၁)နှစ်**

သထုံမြို့ အောက်ကျင်းရပ်ကွက်၊ ဘူတာလမ်း၊ အိမ်အမှတ် (၄၀) နေ ဦးညက် + ဒေါ်ခွာယံ တို့၏သား၊ ဦးကျော်လှိုင် + ဒေါ်မြစိန် တို့၏ သားသမက်၊ (ဒေါ်တင်အေး) ၏ ခင်ပွန်း၊ ဦးကိုကြီး + ဒေါ်စိန်မမ၊ (ဦးမြင့်စိုး(ခ)ကိုညီ) + ဒေါ်စန္ဒာ၊ ဦးခင်ဆောင် + ဒေါ်မီမီဆန်း၊ ဦးဘုန်းမြင့်မောင် + ဒေါ်ခင်မြသက်၊ (ဦးဝင်းကြည် + ဒေါ်နွဲ့နွဲ့အေး(ခ)ဒေါ်ဘေဘီ)၊ ဦးသိန်းစိုးဝင်း + ဒေါ်စိုးစိုးအေးတို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မြေး(၁၆)ယောက်၊ မြစ်(၁၂)ယောက်တို့၏ အဘိုးဖြစ်သူဦးတင်အေးသည် ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း (၁၃)ရက်၊ (၉-၈-၂၀၂၂) အင်္ဂါနေ့၊ နံနက် (၆:၀၄) နာရီ အချိန်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက်၊ (၁၀-၈-၂၀၂၂) ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ (၁:၀၀) နာရီအချိန်တွင် ကျောက်တန်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်၊ ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆုတ် (၂)ရက်၊ (၁၃-၈-၂၀၂၂) စနေနေ့၊ နံနက် (၆:၀၀) နာရီတွင် ကွယ်လွန်သူအား ရည်မှန်း၍ သံဃာတော် အရှင် သူမြတ်တို့အား ဆွမ်းစသော လှူဘွယ်ဝတ္ထုအစုစုတို့ကိုဆက်ကပ်လှူဒါန်းရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ မြသပိတ်ဘုရားလမ်းနေ ဦးကိုကြီး + ဒေါ်စိန်မမ တို့၏ (Sweety - မဆလာ) တို့၏ နေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်၊

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာတင်ဦး

**ဆမ-၂၄၈၅**

**အသက်(၈၅)နှစ်**

**စမ်းချောင်း**

ရန်ကုန်မြို့၊ ခေမာလမ်း၊ အမှတ်(၂၃)၊ ခြောက်လွှာ(A)နေ (ဦးဖေသန်း-ဒေါ်ခင်သိန်း)တို့၏သားကြီး၊ (ဦးကွတ်တီ-ဒေါ်မြကြည်)တို့၏သားသမက်၊ (ဒေါ်ရိုစီ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကေသီဦး (မြန်မာ့သစ်လုပ်ငန်း)-ဦးဝင်းဗိုလ်၊ ဒေါ်ကလျာဦး-ဦးဝင်းကိုကို၊ ဒေါ်ရူပါဦးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဖြိုးပြည့်ယမုံ-မောင်အောင်ဇေယျာကျော်၊ မမျိုးပပအောင်-မောင်ခန့်လင်းမောင်၊ မောင်ကြည်မောင်မောင်၊ မမြမြသက်-ဒေါက်တာထက်ရှိုင်းလင်းတို့၏ အဘိုး၊ မသက်ရတနာထက်၊ မသျှင်ဘုန်းသစ်တို့၏ ဘိုးဘိုးသည် ၉-၈-၂၀၂၂ ရက် နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၈-၂၀၂၂ ရက်တွင် အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရင်မြ

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ပြည်ရိပ်သာလမ်း၊ အမှတ်(၄၉၉/အေ)၊ ပြည်ရိပ်သာကွန်ဒို၊ အခန်းအမှတ်(P2)နေ (ဦးသောင်းရွှေ)၏ဇနီး၊ ကိုအောင်သူ(Europe & Asia Commercial Co.,Ltd)-မနွယ်နွယ်သိန်း၊ မလှလှဝင်း၊ ကိုမောင်မောင်အေးYESC(ကမာရွတ်)-(မစန်းစန်းဝင်း YESC)၊ မအေးအေးမြတ်၊ မသန္တာရွှေတို့၏ချစ်လှစွာသောမိခင်၊ မောင်ကျော်ဇင်သန့်(ခ)မင်းခန့် YESC(ကမာရွတ်)၊ မဖူးပွင့်သူတို့၏ ချစ်လှစွာသောအဘွားသည် ၉-၈-၂၀၂၂ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၈-၂၀၂၂ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

---

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(MASK)ကို**

**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

---

**(၂၄)နှစ်ပြည့်အလွမ်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးကိုကိုကြီး(ငြိမ်း)

**ဗိုလ်သင်တန်းအပတ်စဉ်(၂၁)**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကြံပေးပုဂ္ဂိုလ်**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

(ကြာလည်းမမေ့၊ ရှာလဲမတွေ့၊ ငါလဲတစ်နေ့ )

အနန္တကျေးဇူးရှင်ဖေဖေကြီးရဲ့ အေးမြလှတဲ့မေတ္တာရိပ် ပျောက်ကွယ်ခဲ့သည်မှာ ၁၀-၈-၂၀၂၂ ရက်တွင် (၂၄)နှစ်ပြည့် သွားသော်လည်း နေ့စဉ်နဲ့အမျှ ကြေကွဲမှုများစွာဖြင့် သတိရလွမ်းဆွတ်အောက်မေ့လျက်ပါ။ ဖေဖေကြီးကို ရည်စူးပြီး မိသားစုများ ပြုလုပ်သမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အားလုံးကို အမျှပေးဝေပါသည်။ ရောက်ရှိရာမြင့်မြတ်သည့် ဘုံဌာနမှ သာခုခေါ်၍ နိဗ္ဗာန်သို့ အမြန်ရောက်ရှိနိုင်ပါစေ။

(ဖေဖေကြီးရေ ကုသိုလ် အမျှ အမျှ အမျှ)

**ချစ်ဇနီး- ဒေါ်တင်တင်လှနှင့် သားသမီးမြေးများ**

---

## ဒေါက်တာ စံသာဟန်

**ဆေးရုံအုပ်ကြီး(ငြိမ်း)၊ JICA ဆေးရုံကြီး**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့နေ (ဦးလှဖော်ဦး-ဒေါ်စံလှဖြူ)တို့၏သားထွေး၊ (မီးရထားမင်းကြီး ဦးစံပေါ်-ဒေါ်စံဝင်း)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့် (Amy)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဟန်၊ ဦးလွင်ဟန်-ဒေါ်ခင်စန္ဒာငွေး၊ ဦးကျော်ဟန်-ဒေါ်ခင်နှောင်း၊ ဦးကျော်လင်းဇော်-ဒေါ်အေးမြတ်စံ၊ ဦးကျော်ဖြိုးဟန်-ဒေါ်သွယ်နုစံတို့၏ ချစ်လှစွာသောဖခင်၊ မောင်ရည်မွန်၊ မခင်ထားဟန်၊ မောင်ကောင်းမြတ်ဟန်၊ မသင်းနုလင်း၊ မဖူးပွင့်ဟန်၊ မချောစုလင်း၊ Aiden၊ Asherတို့၏ ချစ်လှစွာသောအဘိုးသည် ၈-၈-၂၀၂၂ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-B)၊ မြေကွက်အမှတ် (၆၀၀)၊ မြေကွက်တည်နေရာအမှတ် (၆၀၀)၊ ဗန္ဓုလလမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒေါ်နော်ထီးဖောဘု [၁၄/မမန(နိုင်)၀၁၇၀၀၃] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေအား မြေအမည်ပေါက် ဒေါ်နော်ထီးဖောဘု (မိခင်) သည် (၂၅-၉-၂၀၂၁)ရက်နှင့် (ဖခင်) ဦးမန်းကျော်(ခ)စောမောင်ကျော်သည် (၁၄-၁၂-၂၀၁၅)ရက်တို့တွင် ကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်နော်သီတာဆွေဝါး [၁၄/မမန(နိုင်) ၀၁၅၀၅၃]က သားသမီးအရင်းအချာအဖြစ် ၎င်းတစ်ဦးတည်းသာ မွေးဖွားခဲ့ကြကြောင်းနှင့် အခြားကိတ္တိမသားသမီးအဖြစ် မွေးစားထားခြင်းလည်းမရှိကြောင်း၊ ကွယ်လွန်သူမိဘများသည် ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်ကြပြီး သေတမ်းစာရေးသားခဲ့ခြင်းလည်းမရှိကြောင်း၊ ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်) ဦးမန်းကျော်(ခ)စောမောင်ကျော်၏ သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်နော်ထီးဖောဘု၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးဇော်ဝင်း

**ဥက္ကဋ္ဌ**

**အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီများအုပ်စု**

**အသက်(၇၃)နှစ်**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ဖောင်းကတောကျေးရွာနေ (ဦးဘိုအေး-ဒေါ်ကွန်)တို့၏ သားကြီး၊ (ဦးသောင်းရွှေ-ဒေါ်အုန်းရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ် (၂၃)နေ ဒေါ်ခင်ခင်ငွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်လှစု (အထက-၂၊ စမ်းချောင်း)၊ ဒေါ်လှပုတို့၏အစ်ကိုကြီး၊ ဦးကျော်စိုး-ဒေါ်ခင်မာလာဝင်း၊ ဦးကမ္ဘာဝင်း-ဒေါ်ဖွန့်ဖွန့်ဝင်း၊ ဦးအောင်ကျော်မိုး-ဒေါ်ဇာဇာဝင်း၊ ဦးစည်သူမောင်-ဒေါ်လွင်လွင်ဝင်း၊ ဒေါ်နွေးနွေးဇော်ဝင်း၊ ဒေါ်ရတနာဇော်ဝင်း၊ ဒေါ်သီရိဇော်ဝင်းတို့၏ဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၉-၈-၂၀၂၂ (အင်္ဂါနေ့)တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၁-၈-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိုက်သိုက်အေး

**အသက်(၈၂)နှစ်**

တောင်တွင်းကြီးမြို့နေ (ဦးချစ်စု-ဒေါ်အေးတင်)တို့၏ တတိယမြောက်သမီး၊ (ဦးစိုးလှိုင်-ဒေါ်သန်းနွယ်)၊(ဦးခင်မောင်တင့်-ဒေါ်တင်တင်ရီ)တို့၏ညီမ၊ ဦးကျော်စိန်-(ဒေါ်ကြူကြူအေး)၊(ဦးအောင်မြတ်)၊ (ဦးနေဝင်း)တို့၏ အစ်မဖြစ်သူ ရန်ကုန်မြို့နေ ဒေါ်သိုက်သိုက်အေး အသက်(၈၂)နှစ်သည် ၉-၈-၂၀၂၂ရက် ညနေ ၅:၄၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၁-၈-၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းသန်းအေး

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၁၃၅)နေ ဦးအောင်သန်း၏ဇနီး၊ ဦးထွဋ်နေအောင်-ဒေါ်နီနီဝင်း၊ ဦးထွဋ်နိုင်အောင်-ဒေါ်စန္ဒာလင်း၊ ဦးအောင်ကျော်ကျော်ဇင်-ဒေါ်အေးသူဇာလင်းတို့၏မွေးသမိခင်၊ မြေး လေးယောက်တို့၏အဘွား ဒေါ်သန်းသန်းအေးသည် ၈-၈-၂၀၂၂ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမျိုးသန့်ဖေ**

**သံအမတ်ကြီး**

**အသက်(၅၉)နှစ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေသည် ၇-၈-၂၀၂၂ (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ၁၂:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

**ငြင်းချက်ထုတ်ရန်ဆင့်စာ**

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)**

**သာကေတမြို့နယ်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၅**

| | | |
|---|---|---|
| ဒေါ်ခင်မို့မို့ထွန်း | နှင့် | ၁။ ဦးအုန်းငွေ<br>၂။ ဒေါ်အေးကြည် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ် (၇၅၉/က)နေ ဦးအုန်းငွေနှင့် ဒေါ်အေးကြည် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကတိစာချုပ်ကို တရားဝင်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်) နေ့ မွန်းမတည့်မီ နံနက်(၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူဝင်း)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန် ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)



## ပေါ်လယ်-ဝက်ချီပါ ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်းကျရောက်နေသည့်ဧရိယာ အကျယ်အဝန်း ဧက ၈၄၀၀ ရှိသော နယ်မြေကို **"ပေါ်လယ်-ဝက်ချီပါ ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၂၀/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်(၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ★

**ယနေ့ ဖတ်စရာ**

**YRTC က စည်းကမ်းလိုက်နာသော YBS ယာဉ်မောင်းများကို ဂုဏ်ပြုချီးမြှင့်သွားမည်**

စာမျက်နှာ » ၇

**ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၆၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၇ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၂



**တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းခွဲနီးပါးအထိ စံချိန်တင် ပြန်လည်မြင့်တက်လာ**

စာမျက်နှာ » ၁၃

## ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်း အရေးနိမ့်

ရန်ကုန် ဩဂုတ် ၉

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၉ ရက်က ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်းမြို့၌ကျင်းပရာ မြန်မာအသင်းသည် မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပွဲများတွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိသေးဘဲ သုံးပွဲကစား သုံးပွဲစလုံး အရေးနိမ့်ခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖



မြန်မာနှင့် မလေးရှား ယှဉ်ပြိုင်နေစဉ်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၉

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳